# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွတ်မြောက်အောင် အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ်(၁၉၆)


# မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အင်အားတစ်ရပ်အဖြစ် ရောက်ရှိလာအောင် ကြိုးပမ်း

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာ

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**နိုင်ငံသူ နိုင်ငံသားများ ခင်ဗျာ-**

မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာ အခါသမယမှာ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရောက်ရှိနေကြတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံး၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဝေးမြေခြားတိုင်းတစ်ပါးမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နှစ်သစ်ရောက်တဲ့အခါတိုင်းမှာ ပြီးခဲ့တဲ့နှစ်ကို ပြန်ပြောင်းသတိရဆင်ခြင်သုံးသပ်ပြီး ရှေ့တစ်နှစ်တာ ဆက်လက်လျှောက်လှမ်းရမယ့် ခရီးအတွက် ဆောင်ရွက်ဖွယ်ရာများကို ကြံဆတွေးတောပြီး အားသစ်ခွန်သစ်တွေ မွေးကြရစမြဲပါ။

တစ်နှစ်တာကျော်လွန်ခဲ့ပြီးဖြစ်တဲ့ ကျွန်တော်တို့အစိုးရသစ်ရဲ့လမ်းခရီးမှာ အောင်မြင်မှုတွေရှိခဲ့သလို ရှေ့မှာ စိန်ခေါ်မှုတွေလည်း ဆက်လက်ရင်ဆိုင်ကျော်လွှားရဦးမှာ ဖြစ်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻




# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် အဆင်သင့်ဖြစ်နေ




**နေပြည်တော် ဧပြီ ၁၆**

ယနေ့ မွန်းလွဲပိုင်းအချိန် တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း မာရုသာ (Tropical Storm Maarutha) သည် ယနေ့ (ဧပြီ ၁၆ ရက်) ညသန်းခေါင်ယံနှင့် နံနက် ၆ နာရီခန့်အကြား ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် သံတွဲမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားပြီး မုန်တိုင်းဖြတ်ကျော်စဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်းနှင့် အနီရောင်အဆင့် သတ်မှတ်လိုက်ကြောင်း သိရှိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ●

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန (EOC)စက်ခန်းအတွင်း မုန်တိုင်းဖြစ်စဉ်များအား သတင်းထုတ်ပြန်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းလွှာ


စာ - ၇



## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့်သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ငြိမ်းချမ်းရေးသည်သာ

နှစ်သစ်ကူးပြီ။

တစ်လောကလုံး ငြိမ်းချမ်းပါစေ.....။

ပိတောက်ဝါရွှေတို့လည်း ယခုမှပင် ထိန်ထိန်ဝေရတော့သည်။ အတန်ငယ်မှုံခတ်သော လေပြည်ပြင်းကြောင့် ပန်းပွင့်တို့သာမက အရွက်နှင့်ကိုင်းဖျားကိုင်းနားတို့ပါ လမ်းများထက်မှာ ကျဲနေသည်။ အဝါပွင့်များ အစိမ်းအညို အရွက်အကိုင်း ကြွေများ။

ပူပြင်းနေသော ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်းအေးမြသွား၏။ လှိုက်တက်လာသော မြေသင်းနံ့က နှစ်ဦးသစ်ကို ကြိုဆိုနေသည်။ အလိမ်းလိမ်းတက်နေသည့် ဖုန်ထုကြီးကို မိုးကဆေးချလိုက်သဖြင့် သစ်ပင်သစ်ရွက်တို့အားလုံး စိမ်းမြသွား၏။ လောကကြီးလည်း လင်းပြက်ဝင်းလက်သွားလေသည်။

တရိပ်ရိပ်တက်လာပြီးမှ ရွာချလိုက်သော သင်္ကြန်လက်ဆေးမိုးက မုန်တိုင်း၏အရိပ်အငွေ့များကို သယ်ဆောင်လာ၏။

ကမ္ဘာ့ရာသီဥတုကလည်း အဏုမြူလက်နက်ပိုင်ရှင်တို့၏ မာန်အမျိုးမျိုးတို့နှင့်အတူ စစ်ရိပ်စစ်ငွေ့များကို ခေါင်းပေါ်တင်လာ၏။

ကမ္ဘာစစ်ကြီးတစ်ခု ရုတ်တရက်ဆိုသလို ဖြစ်လာနိုင်ခြေက အလွန်ပင်နည်းပါးလှသော်လည်း ဖြစ်မလာနိုင်ဘူးဟူ၍ အတတ်ဟောဖို့ကလည်း ဘယ်သူ့ကို ဘယ်သူကမှ အစိုးမရသည့်ခေတ်ဆိုတော့ ခက်ပါမည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဦးစွာ ဆီးရီးယားကို ပုံးကြဲဖို့ အမိန့်ပေးလိုက်၏။ ထို့နောက်တစ်ဖန် အာဖဂန်နစ္စတန်ကို မဟာပုံးကြီးတစ်လုံး ထပ်မံပစ်လွှတ်လိုက်ပြန်သည်။ ယခုတော့ မြောက်ကိုရီးယားနှင့် အမေရိကန်တို့က တစ်ယောက်ခြေကို တစ်ယောက်အကဲခတ်ရင်း စောင့်နေကြ၏။ အနီးကပ် အန္တရာယ်ရှိနေကြသော ဂျပန်နှင့် ကိုရီးယားကလည်း လက်နက်အသင့် လူအသင့်ဖြင့် စစ်ပြင်နေကြပြီ။ တရုတ်နှင့် ရုရှားတို့သည်ပင် မည်သည့်နေရာလောက်မှာနေ၍ မည်သို့ရပ်တည်မည်ဆိုတာကို အကဲခတ်နေဆဲဟု မြင်ရ၏။

အားလုံးက သတိဆွဲထားသည့် အသင့်အနေအထား။ သက်သာအေးစေ မဟုတ်။

ကမ္ဘာ့ပြည်သူတို့ကမူ ရင်တမမနှင့် သက်ပြင်းကို ဖြည်းညင်းစွာ ရှိုက်ရင်း ဆုတောင်းနေကြဖို့သာ တတ်နိုင်သည်။

ယေဘုယျအားဖြင့်ဆိုလျှင် စစ်ကြောင့် အကျိုးစီးပွားဖြစ်နေသူများနှင့် စိတ်ပုံမှန်မဟုတ်သူများကလွဲလျှင် ဘယ်သူမှ စစ်ကို မလိုလား။ စစ်ဖြစ်ကာ သတ်ကြသေကြဆိုသည်ကို လိုလားစရာအကြောင်းမရှိ။

ယနေ့လို နည်းပညာနှင့် သိပ္ပံပညာ ထွန်းကားမှုက အံ့မခန်းဖြစ်နေချိန်က ပိုလို့ပင် စိုးရိမ်စရာကောင်းလှပါသေး၏။ လက်နက်ကြီး လက်နက်ငယ်မျိုးစုံ၊ အဏုမြူလက်နက်၊ ရောဂါပိုးမွှား လက်နက်၊ ဓာတု လက်နက်စသည်ဖြင့် နာမည်ကြားရုံနှင့် အော်ဂလီဆန် ရသည့် လူသတ်ပစ္စည်းများက တိုးတက်ချင်တိုင်း တိုးတက်နေလေရာ မီးကြီးကြီးတစ်ချက်ပွင့်လျှင် တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်သွားနိုင်သည့် အနေအထား။

ကမ္ဘာသူ ကမ္ဘာသားတို့ ကမ္ဘာစစ်အတွက် ဤသို့စိုးရိမ်ပူပန်နေရချိန်မှာ မြန်မာပြည်သူတို့အဖို့ ပြည်တွင်းစစ်ကိုပါ အပိုဆုအဖြစ် ရရှိထားပါ၏။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်သာမက ပြည်တွင်းငြိမ်းချမ်းရေးအတွက်ကိုပါ ပူပန်စိုးရိမ်မှုများဖြင့် ရှင်သန်နေကြရ၏။

မြန်မာပြည်သူတို့ ငြိမ်းချမ်းရေးဆိုတာကို တောင့်တခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါ၏။ ငြိမ်းချမ်းရေး၏ အခြေခံများဖြစ်သည့် လွတ်လပ်ရေး၊ တန်းတူညီ မျှတရေး၊ ညီညွတ်ရေး၊ ဒီမိုကရေစီရေးတို့ဆိုတာကိုလည်း မျှော်လင့်နေကြရဆဲဖြစ်ပါ၏။

မုန်တိုင်းအရိပ်အငွေ့တို့၊ စစ်ရိပ်စစ်ငွေ့တို့ မပြင်းထန်ဘဲ ကျော်သွားနိုင်ပါစေရန်နှင့် ယခုနှစ်သစ်ကူးအခါသမယ မင်္ဂလာရှိလှသည့် အချိန်မှာ မြန်မာပြည်သူတို့၏ ငြိမ်းချမ်းရေးအလိုဆန္ဒများ ပြည့်ဝကြပါစေရန် ဆုမွန်တောင်းလိုက်ပါသည်။

ကမ္ဘာတစ်ဝန်းလည်း စစ်တားဆီးရေး၊ အင်အားကြီးလက်နက်များ ဖျက်သိမ်းရေး၊ စစ်အင်အားများ လျှော့ချရေး၊ စစ်ဝါဒီများ ခေါင်းထောင်မလာရေး၊ အဓမ္မဝါဒီများ ကျဆုံးရေး၊ မေတ္တာဝါဒီများ ကြီးစိုးရေး၊ ခိုင်မာသည့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ တိုးတက်ဖြစ်ထွန်း အောင်မြင်ပါစေသတည်း။ ။

# နှစ်သစ်ကူးနှင့် မာရသာ

ယနေ့သည် မြန်မာနှစ်ဆန်း (၁) ရက်ဖြစ်သည်။ နှစ်ဟောင်းကို ခဝါချကာ နှစ်သစ်သည် အစွန်းအထင်းမရှိ ပကတိဖြူစင်သည့် ကားချပ်တစ်ခုသဖွယ် စောင့်ကြိုနေသည်။ နှစ်သစ်၏ပထမဆုံးသောနေ့ရက်ကို မြတ်သောအယူ၊ ဖြူသောနှလုံး၊ ကောင်းသောအပြုအမူတို့ဖြင့် ကုသိုလ်ပြု၍ ကုန်ဆုံးကြမည်။ ဤသည်မှာ လာမည့်တစ်နှစ်တာကာလကို ကိုယ်စီဖြတ်သန်းကြရာတွင် အနိဋ္ဌာရုံတို့ နည်းနိုင်သမျှလျော့နည်း ကင်းပစေပြီး ဣဋ္ဌာရုံတို့ကိုသာ သူသူငါငါတို့က အလိုရှိကြ၍လည်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ မြန်မာ့နှစ်သစ်နှင့်အတူ မာရသာ (Maarutha) အမည်ရှိ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခုကလည်း တစ်ပါတည်း ဝင်ရောက်လာကာ နှစ်သစ်၏နိဒါန်းကို ကြမ်းရမ်းသောပုံရိပ်တို့ဖြင့် ဖွင့်လှစ်နေပြီဖြစ်သည်။ နှစ်သစ်နှင့်အတူ တစ်ပါတည်းကျရောက်လာသည့် သဘာဝဘေးအန္တရာယ်တည်းဟူသော စိန်ခေါ်မှုအသစ်တစ်ရပ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် သင်္ကြန်ကာလအတွင်းမှာပင် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနအသီးသီးတို့က ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နှင့်ခဲ့ပြီးဖြစ်သည်ကို လူမှုကွန်ရက်များ၊ သတင်းထုတ်ပြန်ချက်များတွင် တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အခံရဆုံးနိုင်ငံများတွင် ပါဝင်သည့် မိမိတို့နိုင်ငံအဖို့ အတွေ့အကြုံများမှ သင်ခန်းစာများရခဲ့ပြီးဖြစ်ရာ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုတို့ ပို၍လျင်မြန် ကောင်းမွန်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနေချိန် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန (EOC) ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကျင်းပပြီး မုန်တိုင်းနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှု၊ ထိခိုက်နိုင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုတို့အတွက် ဆွေးနွေးခဲ့ကြသကဲ့သို့ မီဒီယာများမှ သတင်းထုတ်ပြန်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ အတွေ့အကြုံများရှိခဲ့ကြပြီဖြစ်ရာ ကြိုတင်ပြင်ဆင်ရှောင်တိမ်းမှုများ ပြုနိုင်ခဲ့ကြသည်။ မာရသာ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုတွင် ရခိုင်ပြည်နယ်မှာ တိုက်ရိုက်ထိခိုက်နိုင်ပြီး ကုန်းတွင်းမုန်တိုင်းငယ်ဖြစ်ပေါ်နေစဉ်တွင် နေပြည်တော်အပါအဝင် စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ထိခိုက်မှုများရှိမည်ဖြစ်ရာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ တောင်ကျရေစီးခြင်း၊ မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းတို့ကို သတိပြုကြရန် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမှုများပြုခဲ့ကြောင်း တွေ့ရှိရသည်။

ခြွင်းချက်အနေဖြင့် ဆိုရန်ရှိသည်မှာ သင်္ကြန်နားရက်ကာလ ခရီးသွားသူများ မုန်တိုင်းသတိပေးချက်နှင့်တိုးကြရသည့်အခါ စိုးရိမ်ထိတ်လန့်ကြရခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် ဒေသခံများမဟုတ်သည့်အလျောက် မည်သို့ရှောင်တိမ်းရမည်၊ မည်သည့် နေရာသို့ရှောင်တိမ်းရမည်၊ မည်သည့်နေရာတွင် ခိုလှုံရမည်စသည့် သတင်းအချက်အလက်များကို ရရှိရန်ခက်ခဲမှုများ ကြုံတွေ့ကြရကြောင်း သိရသည်။ ဒေသခံများအနေဖြင့် မိမိတို့၏အတွေ့အကြုံ၊ ဘဝပေးအသိများကြောင့် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်ကို ချင့်တွက်နိုင်ကြပြီး နယ်မြေဒေသ၏ သဘာဝအနေအထားတို့ကို သိရှိထားကြသည့်တိုင်အောင် ဧည့်သည်အာဂန္တုတို့မှာမူ စိုးရိမ်ထိတ်လန့်ကြရသည်မှာ သဘာဝကျသည့် အနေအထားတစ်ရပ်ပင်ဖြစ်သည်။ ရေရှည်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ တိမ်းရှောင်ရေး၊ ခိုလှုံရေး၊ သတင်းအချက်အလက်များ အလွယ်တကူရရှိရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ရာ၌ ဒေသခံမဟုတ်သူတို့သည်လည်း ထည့်သွင်းစဉ်းစားရန် အချက်တစ်ရပ်အဖြစ် အကြံပြုလိုပါကြောင်း။ ။

## ရန်ကုန်မြို့တော် မဟာသင်္ကြန် (ဗဟို) မဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်မြို့တော် မဟာသင်္ကြန် (ဗဟို)မဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့(သင်္ကြန် အတက်နေ့) ညနေ ၄ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကား ပြောကြားကာ ပိတ်သိမ်းကြောင်း ကြေညာသည်။ **(ယာပုံ)**



ထို့နောက် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပိတ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ယိမ်းအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်အဖွဲ့များနှင့် သံချပ်အဖွဲ့များက ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွန်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၆-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ . ၅၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ . ၄၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းသဘောသဘာဝအရ အလွန်နူးညံ့သိမ်မွေ့တဲ့အတွက်ကြောင့် သတိကြီးစွာနဲ့ အစစအရာရာမှာ အထူးသတိထားဆောင်ရွက်နေရပါတယ်။

ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်က ကြိုးပမ်းနေတဲ့အချိန်မှာ ဒီနိုင်ငံရေးဖြစ်စဉ်ကြီးအတွက် ပြည်သူတွေက စေတနာနဲ့ထည့်ဝင်လှူဒါန်းငွေ သန်းထောင်ပေါင်းများစွာကို လက်ခံရရှိခဲ့ပါတယ်။ ဒါဟာ ရှေ့ဆက်ရမယ့် ခရီးအတွက် အားရဖွယ်ရာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့အလှူဟာ ဘာကိုပြသလဲဆိုရင်၊ ပြည်သူတွေဟာ ငြိမ်းချမ်းရေးရဖို့ ဘယ်လောက်ဆာလောင်မွတ်သိပ်နေကြတယ်၊ ငြိမ်းချမ်းတဲ့ဘဝကို ဘယ်လောက်လိုချင်နေကြတယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနေကြတဲ့အပေါ်မှာ ဘယ်လောက်ယုံကြည်အားထားမှုရှိတယ်ဆိုတာကို ပြသနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်အတွင်းမှာ ပြည်သူတွေအတွက် ဝမ်းမြောက်ဖွယ်ရာ ရလဒ်ကောင်းများ ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပြည်သူအများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားရေးကို ဆောင်ရွက်တဲ့နေရာမှာလည်း အားပေးကူညီချင်တဲ့ နိုင်ငံအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများဟာ အထောက်အပံ့၊ ချေးငွေ၊ နည်းပညာအကူအညီစတာတွေကို သိသာထင်ရှားစွာ တိုးမြှင့်ပေးလာကြတာကို တွေ့မြင်ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကြောင့်လည်း ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဝင်ရောက်လာမယ်လို့ မျှော်လင့်ရပါတယ်။

ဒီနေရာမှာ ပြည်သူတွေကို အသိပေးပြောကြားလိုတာ တစ်ခုတော့ရှိပါတယ်။ အဲဒါက နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပနိုင်ငံအဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ အကူအညီတွေရရှိတဲ့နေရာမှာ ထောက်ပံ့ရရှိငွေကို တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုအသုံးချမယ်ဆိုတာ အလေးထားပြီး ရွေးချယ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ၊ ပြည်ပချေးငွေ စသည်တို့နဲ့ လုပ်ငန်းစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်တော့မယ်ဆိုရင် အထူးပြောဖွယ်ရာမရှိတော့ပါ။ လုပ်ငန်းစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် ရှေးဦးစွာ အဲဒီလုပ်ငန်းစီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ရပါတယ်၊ အဲဒါက အဓိကကျပါတယ်။

လုပ်ငန်းပမာဏနဲ့ လုပ်ငန်းသဘောသဘာဝအရ၊ ဒီလိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုတစ်ခုဟာ လပိုင်းအတွင်း အဖြေရနိုင်သလို တချို့က နှစ်နဲ့ချီပြီး ကြာတတ်ပါတယ်။ အဲဒီရရှိလာတဲ့ ဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှုအပေါ် အခြေခံပြီး လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ရပါတယ်။

ဒါကြောင့်မို့ နှစ်ပိုင်းအတွင်း အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများရှိသလို နှစ်အတော်ကြာမှ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများလည်းရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း လုပ်ငန်းစီမံကိန်းသစ်တွေရဲ့ ကောင်းကျိုးရလဒ်တွေကို နှစ်ပိုင်းအတွင်း တွေ့မြင်ခံစားနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။

ယူသင့်ယူထိုက်တဲ့ အချိန်ယူလေ့လာမှုကို မပြုလုပ်ခဲ့ရင် ကောင်းကျိုးထက် အပြစ်တွေက များတတ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှုဖြစ်ပြီး နိုင်ငံတော်အပေါ် မှာလည်း ဝန်ထုပ်ဝန်ပိုးကြီး ကျရောက်စေပါတယ်။ သက်သေသာဓကတစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံတော်က တာဝန်ယူလုပ်ကိုင်နေတဲ့ စီမံကိန်းများစွာအနက်က ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု ဆက်လက်မဖြစ်စေရေးအတွက် လုပ်ငန်းစီမံကိန်း၄ခုကို လုံးဝပိတ်သိမ်းဖို့နဲ့ လုပ်ငန်းစီမံကိန်း ၂၈ ခုကို လတ်တလော ရပ်ဆိုင်းထားဖို့ မတ်လအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးက အတည်ပြုအဆုံးအဖြတ်ပေးခဲ့ရတဲ့ဖြစ်ရပ်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ **ဒီနေရာမှာ လူနေမှုဘဝအခက်အခဲများစွာကို ရင်ဆိုင်ရုန်းကန်ဖြတ်ကျော်နေတဲ့ကြားက နိုင်ငံတော်အစိုးရအပေါ် ယုံကြည်စိတ်ရှည်စွာနဲ့ နားလည်မှုပေးနေတဲ့ ပြည်သူလူထုတစ်ရပ်လုံးကို ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါကြောင်းကို အလေးအနက်ပြောကြားလို**ပါတယ်။ အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်မယ်ဆိုရင်၊ ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေရဲ့ နားလည်လက်ခံမှုကို ရရှိပြီး၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာ့ရေးရာ အခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင်လည်း မူဝါဒရေးရာ အပြောင်းအလဲနဲ့ ဦးတည်ရာ အပြောင်းအလဲတွေကို ကြုံတွေ့ဖြတ်သန်းနေရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးစားလျှောက်လှမ်းနေရပေမယ့် မျှော်လင့်အားထားစရာ အကောင်းဆုံးအနေအထားတစ်ခုကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည်သာ တစ်ခုတည်းသော အဖြေဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး စိတ်ဝမ်းမကွဲ ဆိုးတူကောင်းဖက် ဒီလမ်းကြောင်းကို လက်တွဲလျှောက်လှမ်းနိုင်ကြမယ်ဆိုရင် အများပြည်သူတွေ မျှော်လင့်စောင့်စားနေတဲ့ ငြိမ်းချမ်းရေးဆိုတဲ့ခရီးဟာ မည်မျှပင်ခက်ခဲကြမ်းတမ်းပါစေ၊ မကြာမီမှာ ကျွန်တော်တို့ ပန်းတိုင်ကိုရောက်အောင် အောင်မြင်စွာ လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါ တယ်။

တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် မှီတင်းနေထိုင်တဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးမှာ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အင်အားတစ်ရပ်အဖြစ် ရောက်ရှိလာအောင် ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ ဘာသာတရားရဲ့ အဆုံးအမ၊ ရိုးသားပြီး မြင့်မြတ်တဲ့ စာရိတ္တ၊ ယဉ်ကျေးပြီး သဟဇာတဖြစ်တဲ့ ဓလေ့တွေနဲ့ ဖက်ဒရယ်အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်သွားကြရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာ မတူကွဲပြားမှုတွေကို လိုက်လျောညီထွေ ပေါင်းစည်းပြီး ညီညွတ်မှုအင်အားကို တည်ဆောက်ခြင်းပဲဖြစ်ပါတယ်။

**၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် မျှော်မှန်းထားတဲ့အတိုင်း ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာ ရလဒ်ကောင်းတွေ ဆောင်ကြဉ်းလာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ပြင်ဆင်ပြောင်းလဲထားတဲ့ စီးပွားရေးနယ်ပယ်အခင်းအကျင်းတွေအရလည်း စီးပွားရေးတိုးတက်မှုတွေ သိသိသာသာ ရရှိလာနိုင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။**

စိတ်ရှည်သည်းခံ စောင့်ဆိုင်းနေကြတဲ့ ကျွန်တော်တို့ရဲ့ပြည်သူနဲ့အတူ နှစ်သစ်မှာ ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်လာအောင်လည်း ကြိုးစားသွားကြမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ကျွန်တော်တို့နဲ့အတူ လက်တွဲမဖြုတ်ဘဲ ဆက်လက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါလို့ အလေးအနက် ပန်ကြားလိုပါတယ်။

မင်္ဂလာရှိတဲ့ အခုလို နှစ်သစ်မှာ နိုင်ငံသူ နိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကြပြီး ကောင်းသောလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး နှစ်သစ်ကူးအခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုဆိုလျှင် ကျွန်တော်တို့အစိုးရအဖွဲ့တာဝန်ယူလာသည်မှာ တစ်နှစ်တာကာလပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်းမှာ ပြည်သူများရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တိုင်းရင်းသားပြည်သူအားလုံးသဟဇာတ ပြည့်ဝစွာနေထိုင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသက်သွေးကြောသဖွယ် အရေးကြီးတဲ့ ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိဖို့ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် ပြည်သူများကလည်း လှူဒါန်းငွေများ စိတ်အားထက်သန်စွာ ထည့်ဝင်နေကြတာကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရှိရပြီး ဒါဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစိုးရနဲ့ပြည်သူ တစ်သားတည်းရှိကြောင်း ပြသနေခြင်းလည်းဖြစ်ပါတယ်။

ယခုအချိန်အခါသမယဟာ မြန်မာ့နှစ်သစ်ကူးကာလဖြစ်တဲ့အတွက် တိုင်းရင်းသား ပြည်သူများစိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်များနဲ့ နိုင်ငံတော်အကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ထပ်ဆင့် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ကြိုးစားကြရာမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူများ အတူပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာစေဖို့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နှစ်တာကာလအစိုးရရဲ့ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ မြင်တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။

မြန်မာနှစ်သစ်ကူးဖြစ်တဲ့ ၁၃၇၉ ခုနှစ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ငြိမ်းချမ်းရေး ပုံရိပ်များ ပိုမိုပေါ်ထွန်းလာမယ့်နှစ်၊ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မယ့်နှစ်၊ မြန်မာ့သမိုင်းစာမျက်နှာမှာ တင်ကျန်ရစ်မယ့်နှစ် တစ်နှစ်ဖြစ်ပါစေ၊ ပြောင်းလဲနေတဲ့ ကမ္ဘာ့အလယ်မှာ လိုက်ပါပြောင်းလဲ တိုးတက်နိုင်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ပါစေ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည်လည်း ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံပြီး မိမိအကျိုး၊ မိမိရဲ့ပတ်ဝန်းကျင်အကျိုး၊ နိုင်ငံအကျိုးကို ကျေပွန်စွာထမ်းရွက်နိုင်တဲ့ နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေကို ပက်ဖျန်းကာ နှစ်သစ်ကို ကြိုဆိုဆင်နွှဲလျက်ရှိနေကြတဲ့ ဒီအချိန်အခါသမယမှာ လူမျိုးဘာသာမခွဲခြားဘဲ အချင်းချင်း မေတ္တာ စေတနာ ကရုဏာများထားပြီး တစ်အူထုံ့ဆင်း ညီရင်းအစ်ကို စိတ်ဓာတ်နဲ့ ခေတ်သစ်ကို ပျော်ရွှင်လန်းဆန်းစွာ တက်ညီလက်ညီ ချီတက်နိုင်ကြပါစေ.....

ဘေးရန်အန္တရာယ်များ ကင်းရှင်းပြီး အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြပါစေ......

ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ပျော်ရွှင်ဖွယ် မင်္ဂလာနှစ်သစ်ဖြစ်ပါစေ.....





မဟာသင်္ကြန်အတက်နေ့က တောင်သမန်အင်း ဦးပိန်တံတား၌ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ် မောင်ယဉ်ကျေး

● ရှေ့ဖုံးမှ

### တာဝန်ရှိသူများတက်ရောက်

အဆိုပါမုန်တိုင်းနှင့် ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအရေးပေါ်အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(EOC)၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တုံ့ပြန်ဆောင်ရွက်

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်၊ ဧပြီနှင့် မေလတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးကြိုးပစ်ခြင်းများ ပုံမှန်ဖြစ်ပေါ်လာနေကြောင်း၊ ၂၀၁၆ ခုနှစ် အတွင်း မတ်လ၊ ဧပြီလနှင့် မေလအတွင်းကလည်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၅၉ မြို့နယ်တွင် သဘာဝဘေးဒဏ်သင့်ခဲ့ပြီး လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခရောက်ခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုအနေအထားအရ ယခုနှစ်တွင်လည်း သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အမိုးအကာ၊ အဆောက်အအုံ၊ အကာအကွယ်၊ သွားလာလှုပ်ရှားမှု စသည့်အပိုင်းများသည် စနစ်တကျအဆင်သင့်ဖြစ်နေရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း မာရသာနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအပိုင်း၊ ထိခိုက်နိုင်သည့် အခြေအနေနှင့် လက်တွေ့ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရန်နှင့် သတင်းထုတ်ပြန်မှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် ပြောကြားသည်။

### EOC ကို ၂၄ နာရီ ဖွင့်လှစ်

ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ဆိုင်ကလုန်းမုန်တိုင်း မာရသာနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဒေသအလိုက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ပြည်သူများပါဝင်အောင် ပြင်ဆင်ထားမှု၊ လယ်ယာသီးနှံများနှင့်ပတ်သက်၍ ဆုံးရှုံးမှုနည်းအောင် ပြင်ဆင်ထားမှု၊ အထူးသဖြင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည့် ရခိုင်ပြည်နယ် ရမ်းဗြဲနှင့် သံတွဲမြို့နယ်တို့တွင် ပြည်နယ်ဝန်ကြီးများ ဦးစီး၍ အရေးပေါ်စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ကို ၂၄ နာရီ ဖွင့်လှစ်၍လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်တို့က ဆိုင်ကလုန်းမုန်တိုင်း မာရသာသည် ဧပြီ ၁၆ ရက် ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာနိုင်မည်ဟု ခန့်မှန်းထားသည့်အတွက် လှည့်ကင်းများဖြင့် စောင့်ကြည့်ရန်ဆောင်ရွက်ထားမှု၊ ဝင်ရောက်ပါက အရေးပေါ်တုံ့ပြန်နိုင်အောင် စုဖွဲ့ထားမှု၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအသင့်ပြင်ဆင်ထားမှု၊ ထောက်ပံ့ရေးပစ္စည်းများ လုံလောက်စွာ စုဆောင်းပြီးစီးမှုနှင့် ဖြန့်ဝေနိုင်ရေးအတွက် စနစ်တကျစီမံထားမှု၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသများတွင် တပ်ဖွဲ့ဝင်များဖြန့်ခွဲထားမှု၊ ဆေးရုံများရှိ လူနာများအား ယာယီဆေးရုံများသို့ ရွှေ့ပြောင်းကုသပေးနေမှု၊ လိုအပ်ချက်ရှိပါက အထူးကုများစေလွှတ်၍ ကုသမှုစောင့်ရှောက်မှုများပေးနိုင်ရန် စီစဉ်ထားမှု၊ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြက်ခြေနီများစေလွှတ်၍ ကယ်ဆယ်နိုင်ရေး ဆောင်ရွက်ထားမှု၊ ဆေးဝါးဖြန့်ထားမှု၊ မုန်တိုင်းဝင်ရောက်နိုင်မည့် ဒေသများတွင် အရေးပေါ်ကုသရေးဌာနများကို ၂၄ နာရီဖွင့်လှစ်၍ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆိုင်ကလုန်းမုန်တိုင်းမာရသာ၏ နောက်ဆုံးဖြစ်ပေါ်မှု၊ မြန်မာနိုင်ငံသို့ ဝင်လာနိုင်မည့် အခြေအနေ၊ ဆက်သွယ်ရေးပြတ်တောက်မှု မရှိစေရေး ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

### အမြန်ဆုံး ထုတ်ပြန်

ယင်းနောက် ဒုတိယသမ္မတသည် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) စက်ခန်းအတွင်း သွားရောက်၍ မုန်တိုင်းဖြစ်စဉ်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ဆောင်ရွက်နေမှုနှင့် ပြည်သူလူထု သိရှိနိုင်ရန် သတင်းထုတ်ပြန်ပေးနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းသတင်းများ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ထုတ်ပြန်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မာရသာမုန်တိုင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအရေးပေါ်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ် (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစည်းအဝေးအပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် “ဆိုင်ကလုန်းမုန်တိုင်း မာရသာက မြန်မာနိုင်ငံဘက်ကို ဦးတည်နေတယ်လို့ ပညာရှင်တွေ သုံးသပ်ထားသလို မိုးလေဝသကလည်း ခန့်မှန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားပါတယ်။ ရခိုင်ပြည်နယ်ကို ဖြတ်သန်းဝင်ရောက်မှာဖြစ်တဲ့အတွက် အဲဒီဒေသကအရေးကြီးတယ်။ ကျန်တဲ့နေရာတွေမှာလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စီမံဆောင်ရွက်ထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကုန်လုံးမှာ ကြိုတင်ပြင်ဆင်မှုတွေ အကုန်လုပ် ထားပြီးပါပြီ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေအနေနဲ့ကလည်း ရွာတွေအထိ ရောက်အောင်သွားပြီး ဒီကိစ္စတွေကို ပြည်သူတွေနဲ့အတူ ဆောင်ရွက်နေပါတယ်။ ဇာတ်တိုက်လေ့ကျင့်မှုတွေလုပ်ပါတယ်။ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေကိုလည်း အဆင်သင့်ပုံထားပါတယ်။

“ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ ကြေညာနေတဲ့ကိစ္စတွေကို လိုက်နာဖို့လိုပါတယ်။ လှေထွက်မယ့်သူတွေ လှေမထွက်ကြဖို့၊ မြစ်ထဲကိုထွက်မယ့်သူတွေ သတိထားကြဖို့၊ အိမ်တွေမှာ ဘယ်လိုနေထိုင်ရမယ်၊ တကယ်တမ်းဖြစ်ရင် စုရပ်တွေကို ဘယ်မှာရှိတယ်၊ စုရပ်တွေကို သွားရမယ်၊ တယ်လီဖုန်းတွေ အားသွင်းထားမယ်စတဲ့အချက်တွေကို မီဒီယာတွေကနေပြီးတော့ ကြေညာထားတာ ရှိပါတယ်။

“မုန်တိုင်းတိုက်ရိုက် သက်ရောက်နိုင်တဲ့နေရာတွေကို ရွှေ့ပြောင်းမယ်။ အတတ်နိုင်ဆုံး၊ အချိန်ကိုက် ကျွန်တော်တို့ ရွှေ့ပြောင်းမယ်။ တင်ပြချက်တွေ အကုန်လုံးကိုစိစစ်လိုက်တဲ့အခါကျတော့ ညနေ ၆ နာရီမှာ ကျွန်တော်တို့ ရွှေ့ကိုရွှေ့ရမယ်။ ည ၁၂ နာရီမှာ သေချာပေါက်ဝင်နိုင်တဲ့သဘောရှိပါတယ်။ အဓိကကတော့ ရခိုင်ပြည်နယ်ဘက်ပါပဲ။ ညနေ ၆ နာရီကျရင် ရွှေ့လို့ရအောင် နှိုးဆော်နေပါမယ်။ ရွှေ့ပြီးတော့ နေလိုက်တာက မမှားပါဘူး။ တကယ်တမ်းဖြစ်နိုင်တဲ့နေရာကလူတွေ ရွှေ့လိုက်တာ အကောင်းဆုံးပဲ။ ထောက်ပံ့မယ့်ပစ္စည်းတွေလည်း သူ့နေရာနဲ့သူ အပြည့်ရှိအောင် ဖြည့်ထားတယ်။ ပုံထားတယ်။ ဒါမျိုးတွေ ဆောင်ရွက်နေပါတယ်။ တစ်နိုင်ငံလုံးမှာ ဂိုဒေါင်တိုင်းမှာ ပစ္စည်းတွေ လုံလောက်အောင် ဖြည့်တယ်။ ရခိုင်ဒေသမှာဆိုရင် အခုသေချာပေါက်လိုအပ်နေပြီဆိုတော့ လုံးဝမလိုအောင် စီစဉ်ထားပါတယ်။

“လတ်တလောအခြေအနေကတော့ မုန်တိုင်းဝင်ရောက်တာတို့၊ မုန်တိုင်းဖြစ်တာတို့မရှိသေးပါဘူး။ ပညာရှင်တွေဆီက သတင်းတွေကို နားထောင်တယ်။ Emergency Operation Center ဆိုတာ ကျွန်တော်တို့ဌာနမှာ ရှိပါတယ်။ အဲ့ဒီဌာနက မိုးလေဝသသတင်းတွေကို စောင့်ကြည့်နေပါတယ်။ နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ မိုးလေဝသအခြေအနေတွေကို ရရှိနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ အဲ့ဒီဌာနကနေ ကြည့်ပြီးတော့၊ ကြီးကြပ်ပြီးတော့ သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ ဖြန့်ဝေပေးနေပါတယ်။ ပြည်သူတွေအနေနဲ့က အသိနဲ့ သတိရှိဖို့ လိုပါတယ်။ သတင်းတွေကို သေချာ နားထောင်ဖို့လိုပါတယ်။ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ဖို့၊ ပြည်သူတွေ တစ်ယောက်ချင်းပါဝင်ဆောင်ရွက်ဖို့လိုပါတယ်” ဟု ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက “ရခိုင်ပြည်နယ်မှာရှိတဲ့ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်တစ်ခုကို အသင့်ပြင်ထားပါတယ်။ လေယာဉ်တွေလည်းအသင့်ပြင်ထားပါတယ်။ ဆေးအဖွဲ့တွေလည်း ရန်ကုန်နဲ့နေပြည်တော်မှာ အသင့်ပြင်ထားပါတယ်။ စားနပ်ရိက္ခာနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာဒေသမှာရှိတဲ့ တိုင်းစစ်ဌာနချုပ်တွေက လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ သဘာဝဘေးအန္တရာယ် ကျရောက်လာရင် ကူညီဆောင်ရွက်ပေးရမယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမြဲတမ်းပဲ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြိုတင်ပြီးတော့ ပြင်ဆင်စရာရှိတာကိုလည်း ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ မုန်တိုင်းအနေအထားကတော့ အခုချိန်မှာ နည်းနည်းလေး စိုးရိမ်ရတဲ့အနေအထားမှာရှိနေပါတယ်”ဟု ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခင်ထက်ပို၍ သတင်းများ ဖြန့်ဝေပေးနေကြောင်း၊ မုန်တိုင်း၏ အတက်အကျပေါ် မူတည်ပြီး မည်သည့်အဆင့်ရောက်ကြောင်း၊ မုန်တိုင်းအရှိန်ကျသွားလျှင် ကျသွားကြောင်း သတင်းပေးသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းမလာခင် ကြိုတင်ပြင်ဆင်ရမည့်အရာများ၊ မုန်တိုင်းတိုက်ခတ်နေသည့်အခါ ဆောင်ရွက်ရမည့်အရာများ၊ ပြင်ဆင်ရမည့်အရာများကို ကြိုတင်သတိပေးထုတ်ပြန်နေကြောင်း၊ သတိပေးချက်များ အရေးကြီးလျှင်ကြီးသလို ခပ်စိပ်စိပ် ပိုမိုထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက “ဒီနေ့မွန်းတည့် ၁၂ နာရီ ခန့်မှန်းချက်အရတော့ မုန်တိုင်းရဲ့ တည်နေရာက သံတွဲနဲ့ ပိုနီးတယ်။ နောက်ဆုံးရတဲ့ခန့်မှန်းချက်အရ ဧပြီလ ၁၆ ရက်နေ့ ညသန်းခေါင်မှာ ရခိုင်ကမ်းရိုးတန်း၊ သံတွဲမြို့နားကနေ ဖြတ်ကျော်သွားမယ်လို့ ခန့်မှန်းထားတယ်။ ပထမ ခန့်မှန်းထားတာကတော့ လေတိုက်နှုန်းက မိုင် ၅၀ နဲ့ ၆၀ ကြား တိုက်မယ်လို့ ခန့်မှန်းထားပါတယ်။ ကုန်းတွင်းပိုင်းရောက်သွားတဲ့အခါမှာ ကုန်းတွင်း မုန်တိုင်းငယ်အဖြစ်နဲ့ ဧပြီလ ၁၇ ရက်နေ့အထိ ရှိနိုင်သေးတော့ မိုးကဆက်ရွာမယ်လို့ ခန့်မှန်းထားပါတယ်။

“သက်ရောက်မယ့်ဒေသကတော့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောက်ပိုင်းပါတယ်။ မကွေးတိုင်းဒေသကြီးနဲ့၊ မန္တလေးတိုင်းဒေသကြီးက လေပြင်းတိုက်ခတ်တဲ့ဒဏ်ကို နည်းနည်းခံရဖို့ရှိပါတယ်။ တိုက်ရိုက်ဝင်မယ့်နေရာက သံတွဲနဲ့ စစ်တွေကြားဆိုတော့ အဲဒီမှာရှိတဲ့ မြို့တွေ၊ ရွာတွေက ပြည်သူတွေကို မုန်တိုင်းကာကွယ်ရေး အဆောက်အအုံတွေကို ပြောင်းရွှေ့ဖို့ရှိပါတယ်။ အပျက်အစီးတော့ ရှိနိုင်မယ်လို့ ခန့်မှန်းပါတယ်။ လေတိုက်တာကြောင့် သစ်ပင်လဲတာတွေ၊ အိမ်တွေအမိုးလန်တာတွေ ရှိနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတဲ့အတွက် အသေအပျောက်တော့ မရှိနိုင်ဘူးလို့ ခန့်မှန်းပါတယ်၊ မျှော်လင့်ပါတယ်” ဟု ပြောသည်။ (သတင်းစဉ်)

## မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုရေကစားမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ (သင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းတွင် နေပြည်တော်ဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားမကျင်းပမီ ရေကစားမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များ၊ ဖိတ်ကြားထားသည့် အနုပညာရှင်များနှင့် တေးသံရှင်များက သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက “မန်းတောင်ရိပ်ခို” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းခဲ့ကြသည်။

ယနေ့သည် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များတွင် ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲဆင်နွှဲကြကာ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူနှင့်အတူ

## သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**ဒီကနေ့ ဒီအချိန်မှာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံကြီးအတွက် အလင်းရောင်သန်းခဲ့တဲ့ကာလ

**ပြည်သူတိုင်း ပြည်သူတိုင်းဟာ တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ကျွန်မတို့အစိုးရအတွက် ဆောင်ရွက်နေတဲ့လုပ်ငန်းအပိုင်းတွေ အောင်မြင်အောင်လို့ ဝန်းရံပေးမယ်ဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံဟာ တိုးတက်ဖို့လုံးဝသေချာတယ်လို့ ပြောနိုင်ပါတယ်။ ကျွန်မတို့ရဲ့ နောင်မျိုးဆက်များဟာ ဒီအချိန်ကာလပြန်ကြည့်ပြီးတော့ ငါတို့နိုင်ငံကြီးအတွက် အလင်းရောင်သန်းခဲ့တဲ့ကာလဟာ ဒီကာလပါပဲလို့ မလွဲမသွေ ပြောနိုင်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ၂၀၁၇ ခုနှစ် မြန်မာ့နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

နေပြည်တော် ဧပြီ ၁၇

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ယနေ့အချိန်အခါဟာ မိမိတို့နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းမပေါ်ကို အခြေချခါစကာလဖြစ်ပါတယ်။ ဒီအခြေအနေဟာ နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရပြီး ရှားရှားပါးပါးရရှိတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အနှောင့်အယှက်အဟန့်အတားများကို စုပေါင်းဖယ်ရှား ပေးကြစေလိုပါတယ်။ ဒီမိုကရေစီအရေးအတွက် တစ်နည်းနည်းနဲ့ ဆန့်ကျင်နေတဲ့ ဘေးအန္တရာယ်များကိုလည်း ဝိုင်းဝန်းကာကွယ်ပေးကြစေလိုပါတယ်။ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကြောင်းမှ သွေဖည်သွားနိုင်တဲ့ တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန် ဖန်တီးမှုများကိုလည်း စုပေါင်းတားဆီးပေးကြစေလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အများအကျိုးရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မရွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ် ရှေးရှုနှင်လော့ဆိုတဲ့ ရွှေဟင်္သာဆရာတော်ကြီးရဲ့ဆုံးမသြဝါဒအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် မရှိမဖြစ်လိုအပ်လှတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း မိမိတို့ကျရာ ကဏ္ဍတစ်ထောင့်တစ်နေရာကနေ တတ်စွမ်းသမျှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြဖို့ အထူးလိုအပ်လှပါ တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူ နိုင်ငံသားများအားလုံး ဘေးမသန်းဘဲ အေးချမ်းကြပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ထပ်လောင်းဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ မြန်မာ့နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

နေပြည်တော် ဧပြီ ၁၇

**ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား**

မြန်မာ့နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ပါစေ၊ မြန်မာ့နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ကြပါစေလို့ အမျိုးသားလွှတ်တော်ကိုယ်စား ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းရာတွင် မိမိတို့ နှစ်ဟောင်းမှာ လုပ်ဆောင်ခဲ့သည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ် နှလုံးသွင်းရင်း နှစ်ဟောင်း၏ အဟောင်းအညစ်များကို စွန့်ပယ်ကာ နှစ်သစ်တွင် လုပ်ဆောင်ဖွယ်ရာကိစ္စရပ်များကို စိတ်ရင်းစေတနာမှန်၊ ဆန္ဒမှန်ဖြင့် သဒ္ဓါတရားလက်ကိုင်ထားကာ ကိုယ်ကျင့်တရား ကောင်းမွန်စွာဖြင့် လုပ်ဆောင်သွားကြဖို့ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တူညီသော ဆန္ဒဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် မေတ္တာနှင့် ယှဉ်သည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားပြည်သူများ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် အတူတကွ ပူးပေါင်းပါဝင် လက်တွဲတည်ဆောက်သွားကြဖို့ နှစ်သစ်အခါသမယမှာ အထူးတိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်တော်တို့ဟာလည်း ပြည်သူလူထုအကျိုးကို ဖော်ဆောင်ရာမှာ“**ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်**”ဆိုသည့် လွှတ်တော်ဆောင်ပုဒ်အတိုင်း ပြည်သူ့အတွက်အကောင်းမွန်ဆုံး ပိုမိုဖြည့်ဆည်းပေးနိုင်ရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားလိုပါတယ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ယခုနှစ်သစ်မှစ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ သာယာချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ၊ နှစ်သစ်မှာ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များတွင် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်တဲ့ ဂါရဝစိတ်ထားဖြင့် အစဉ်နှလုံးသွင်း ဆောင်ရွက်တတ်သူများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။

---

● *ကျောဖုံးမှ*

မနက်ကတည်းက ရောက်နေတာ။ ညနေပိုင်းမှ ပြန်မယ်။ ဒီမဏ္ဍပ်က နာမည်ကြီး အဆိုတော်တွေနဲ့ ရုပ်ရှင်သရုပ်ဆောင်တွေလည်း လာရောက်ဖျော်ဖြေတော့ တစ်နေကုန် ဒီမဏ္ဍပ်မှာပဲ အားပေးမယ်”ဟု ရန်ကုန်မြို့တော်(ဗဟို)မဏ္ဍပ်သို့ လာရောက်လည်ပတ်သူ ဒေါပုံမြို့နယ်မှ ကိုအောင်ဝင်းက ပြောသည်။

ရန်ကုန်မြို့တွင် ဆိုင်ကလုန်းမုန်တိုင်း မာရသာအရှိန်ကြောင့် ယနေ့နံနက်ပိုင်းမှစတင်ကာ မိုးများတဖွဲဖွဲကျဆင်းနေသော်လည်း အဓိကလမ်းမကြီးများနှင့် ရပ်ကွက်များအတွင်း၌ မိုးဖွဲများကြားမှာပင် မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး မဏ္ဍပ်ကြီးများအနီးရှိ စတုဒိသာမဏ္ဍပ်များအပြင် ရပ်ကွက်များအတွင်း၌ စေတနာရှင်များ၏ တစ်နိုင်တစ်ပိုင် စတုဒိသာမဏ္ဍပ်များတွင်လည်း ဝင်ရောက်နားခိုစားသုံးသူများဖြင့် စည်ကားလျက်ရှိသည်။

“ရန်ကုန်မြို့တော် (ဗဟို)မဏ္ဍပ်က အစည်ကားဆုံးမဏ္ဍပ်ဖြစ်တော့ ဒီနေရာကို ရောက်အောင် တော်တော်လေးတိုးခဲ့ရတယ်။ ပျော်ဖို့လည်းကောင်းတယ်။ လူလည်းစည်တယ်လေ။ ဗိုက်ဆာတော့ စတုဒိသာမဏ္ဍပ်ကလည်း အဆင်သင့်ပဲဆိုတော့ အတော်ပဲပေါ့။ အလှူထမင်း၊ အလှူဟင်းက စားလို့ကောင်းတော့ အဲ့ဒီမှာပဲ ဝင်နွှဲလိုက်တော့တယ်။ မနှစ်သင်္ကြန်တုန်းကတော့ နာမည်ကြီးနေတဲ့ (၃၉)လမ်းထိပ်က စတုဒိသာမှာဝင်ပြီး အားပေးခဲ့သေးတယ်”ဟု သင်္ကြန်ရေပက်ခံထွက်လာသူ အင်းစိန်မြို့နယ်မှ ကိုပြည့်ဖြိုးအောင်က ပြောသည်။

ရန်ကုန်မြို့ရှိ မဏ္ဍပ်ကြီးများအနက် အကြီးမားဆုံးနှင့် အစည်ကားဆုံး မဏ္ဍပ်ကြီးဖြစ်သည့် ရန်ကုန်မြို့တော် မဟာသင်္ကြန်(ဗဟို)မဏ္ဍပ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၏ ဖျော်ဖြေမှုများနှင့်အတူ ယိမ်းအကများ၊ သံချပ်အဖွဲ့များက ယှဉ်ပြိုင်ဖျော်ဖြေလျက်ရှိရာ ရေကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

“မြန်မာတို့ရဲ့ ရိုးရာသင်္ကြန်က ပျော်ဖို့အလွန်ကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ရှိကြတယ်၊ ကူညီကြတယ်၊ သူတို့ကိုကြည့်ပြီး ကိုယ်လည်း ပျော်တယ်။ မနှစ်သင်္ကြန်တုန်းကလည်း မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ကြုံခဲ့သေးတယ်။ အားလုံးပါဝင်လို့ရတဲ့ ပွဲတော်ဖြစ်တာကြောင့် ကောင်းမွန်တဲ့ ဓလေ့တစ်ခုပါ”ဟု ရန်ကုန်မြို့တော် (ဗဟို)မဏ္ဍပ်အနီးတွင် ပျော်ရွှင်စွာရေကစားနေသည့် ကမ္ဘာလှည့်ခရီးသွားတစ်ဦးဖြစ်သူ ဗြိတိန်နိုင်ငံသား ဒေးဗစ်က သူ၏အမြင်ကို ပြောသည်။

သင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့တော်(ဗဟို)မဏ္ဍပ်၌ စည်ကားလျက်ရှိနေသလို ရန်ကုန်မြို့၏ ခရိုင်မဏ္ဍပ်များနှင့်အတူ အခြားသော ရေကစားမဏ္ဍပ်များတွင်လည်း ရေကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိရာ လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ သင်္ကြန်ချစ်သူများ ရာချီပါဝင်သော လမ်းလျှောက်သင်္ကြန်ပြုလုပ်ခဲ့ပြီး အစီအစဉ်အရ ပန်းဆိုးတန်းလမ်းမှစတင်၍ ကျောက်တံတားမြို့နယ်အတွင်းရှိ လမ်းများကို တစ်လမ်းဝင် တစ်လမ်းထွက် စုပေါင်းလမ်းလျှောက်ကာ ရေကစားခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့၌ မဟာသင်္ကြန် အတက်နေ့တွင် မိုးများရွာသွန်းနေသော်လည်း ယခင်နေ့များထက် သင်္ကြန်လည်ပတ်သူများ ပိုမိုတွေ့မြင်ခဲ့ရပြီး မဏ္ဍပ်ကြီးများတွင်လည်း သင်္ကြန်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် မဟာသင်္ကြန်အတက်နေ့က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကလေးငယ်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)





# နိုင်ငံတော်သမ္မတ၏ဇနီး နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ သီဆိုကပြမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်သည် မဟာသင်္ကြန်အတက်နေ့ဖြစ်သော ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၏ဇနီးတို့နှင့်အတူ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ပျော်ရွှင်စွာရေပက်ကစားနေမှုများ၊ သင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုများအား ကြည့်ရှုအားပေးသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကစားသင်္ကြန်မဏ္ဍပ်များနှင့် ရေပက်ခံထွက်ကြသည့် သင်္ကြန်ချစ်သူပြည်သူများက မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေပက်ခံမဏ္ဍပ်ငယ်များ၊ မိသားစုမဏ္ဍပ်များတွင် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပြီး စတုဒိသာကျွေးမွေးကုသိုလ်ယူကြသူများနှင့် မော်တော်ဆိုင်ကယ်၊ မော်တော်ကားများဖြင့် လှည့်လည်ရေပက်ခံထွက်သူများဖြင့် စည်ကားများပြားခဲ့သည်။

အထူးသဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပျော်ရွှင်စွာရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

အလားတူ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သမိုင်းဝင် လေ့ခွင်းတောင်စေတီတော်မြတ်ကြီး၏ ခြေရင်းအနီး၌ ကြည်လင်စွာဖြင့် တသွင်သွင်စီးဆင်းနေသည့် ပေါင်းလောင်းမြစ်ကမ်းခြေတွင် ဘုရားဖူးလာပြည်သူများ၊ အပန်းဖြေရေကစားကြသူများနှင့် ဈေးဆိုင်တန်းများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် ကျည်တောင်ရွာမြစ်ကမ်းရှိ ရေသဘင်မဏ္ဍပ်များတွင်လည်း ရေကစားသူများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားခဲ့သည်။

ထို့ပြင် နေပြည်တော်တစ်ခွင်ရှိ မိသားစုများ၊ လူငယ်လူရွယ်များနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများက နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်တို့တွင် လာရောက်လည်ပတ်အပန်းဖြေကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း ပြည်သူများအန္တရာယ်ကင်းရှင်းစွာ သွားလာလည်ပတ်နိုင်ရန် လုံခြုံရေးဆောင်ရွက်ခဲ့သည်။

မဟာသင်္ကြန်ကာလအတွင်း ဥပုသ် သီလဆောက်တည်ကြသူများ၊ တရားစခန်းဝင်သူများအနေဖြင့်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားကျောင်းကန်များတွင် သီတင်းသီလဆောက်တည်၍ တရားဘာဝနာ ရှုမှတ်ပွားများကြသည်။ **(သတင်းစဉ်)**

# ၁၃၇၈ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

၁၃၇၈ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**




အခမ်းအနားမစတင်မီ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများ၊ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က ၁၃၇၉ ခုနှစ် နှစ်သစ်မင်္ဂလာတွင် ဘေးဘယာကင်းကွာ၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကာ စိတ်သစ်၊ လူသစ်၊ အင်အားသစ်ဖြင့် လျှောက်လှမ်းသွားနိုင်စေရန် ဆုတောင်း၍ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ယင်းနောက် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပျော်ရွှင်စွာ သီဆိုဖျော်ဖြေကြပြီး နှစ်သစ်ကူးပွဲကို ဆင်နွှဲခဲ့ကြသည်။ **(သတင်းစဉ်)**

### ❄ *ကျောဖုံးမှ*

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးတို့ ဦးဆောင်သောအဖွဲ့သည် ရမ်းဗြဲမြို့တွင် ရောက်ရှိအခြေပြုလျက်ရှိပြီး လိုအပ်ပါက ရွှေ့ပြောင်းရေး၊ ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ရေး စသည့် အလျင်အမြန်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စုဖွဲ့ဆောင်ရွက်လျက်ရှိပါသည်။

သံတွဲ၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူခရိုင်များအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကိုလည်း ကြိုတင်စုပုံထားရှိပြီး စစ်တွေ၊ သံတွဲ၊ မာန်အောင်၊ ဂွ၊ မြောက်ဦး၊ ရမ်းဗြဲ၊ မင်းပြား၊ မြေပုံ၊ တောင်ကုတ်မြို့နယ်များရှိ ရပ်ကွက် / ကျေးရွာများမှ ပြည်သူများ ကြိုတင်သတိပြု ပြင်ဆင်နိုင်ရန် မုန်တိုင်းနှင့်ပတ်သက်၍ လိုက်လံအသိပေး ဆော်သြခြင်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေဖြစ်၍ လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ကြောင်း ထုတ်ပြန်ထားသည့်အတွက်လည်း ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အကြံပြုအပ်ပါသည်-

(က) အရေးပေါ်ပြောင်းရွှေ့နိုင်ရန်စီစဉ်ထားပြီး လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(ခ) မိသားစုများကွဲကွာသွားပါက ပြန်လည်ဆုံတွေ့နိုင်မည့် ဆုံရပ်သတ်မှတ်ထားပါ။

(ဂ) မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ခိုင်ခံ့လုံခြုံသောအဆောက်အအုံ၊ အမိုးအကာအောက်တွင် နေထိုင်ပါ။

(ဃ) ကမ်းခြေများတွင် ရောက်ရှိအပန်းဖြေနေသူများ သတိပြုနေထိုင်ပါ။

(င) မုန်တိုင်းငယ်၏အရှိန်ကြောင့် ကုန်းတွင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းရာမှတစ်ဆင့် ဖြစ်ပေါ်တတ်သည့် လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကိုလည်း အထူးသတိထားပါ။

(စ) ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် O2B မုန်တိုင်း၏အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက်ရေဘေးဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပေါ်ခဲ့သည့်အတွေ့အကြုံများ ရှိပြီးဖြစ်သည့်အတွက်လည်း ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း နောက်ဆက်တွဲ ဘေးအန္တရာယ်များ ခံစားရနိုင်သဖြင့် ကြိုတင်သတိပြုရန် လိုအပ်ပါသည်။

(ဆ) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီး နေထိုင်သူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းပါ။

(ဇ) မြစ်၊ ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။

ပြည်သူများအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (Maarutha) အခြေအနေနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) တွင် ၂၄ နာရီဖွင့်လှစ်ထားရှိသော Call Centre ဖုန်းများဖြစ်သည့် ၀၆၇-၄၀၄၆၆၆ နှင့် ၀၆၇-၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်၍ လိုအပ်သည့်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူး ဆုမွန်စကား

နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးတဲ့အချိန်မှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒများလည်း ပြည့်စုံကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပြီး လိုအပ်ချက်အားလုံးကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ဒီသင်္ကြန်ဆိုတာ ဗုဒ္ဓဘာသာတွေရဲ့ ယဉ်ကျေးမှုပွဲလေးဖြစ်ပါတယ်။ ဒီပွဲလုပ်တယ်ဆိုတာ အမှန်တော့ ဒီကာလအတွင်းမှာ ကုသိုလ်ကောင်းမှုလုပ်ကြတယ်။ တချို့ကလည်း တရားဘာဝနာပွားတယ်။ တချို့ကလည်း ရဟန်းခံရှင်ပြုလုပ်ကြတယ်။ တချို့လည်း အလှူအတန်းလုပ်ကြတယ်။ တချို့ကလည်း ရိုးရာအပျော်အပါးလေးတွေ လုပ်ကြတာပေါ့။ ဒါက ခွန်အားတစ်ခုတည်ဆောက်တာပဲ။

ဒီရတဲ့ ခွန်အားလေးက နောင်နှစ်သစ်ကျရင် အဲဒီခွန်အားနဲ့ အဲဒီနှစ်သစ်ကို ကျော်လွှားနိုင်ဖို့အတွက် ကြိုးစားကြရတာပေါ့။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး နှစ်သစ်မှာ အဲဒီခွန်အားနဲ့ ကျော်လွှားနိုင်ဖို့အတွက် အခွင့်အရေးရဖို့လိုတယ်။ အခွင့်အရေးရအောင်လည်း ဆောင်ရွက်ပေးဖို့တာဝန်ရှိပါတယ်။ ဒီလိုရတဲ့ အခွင့်အရေးအပေါ်မူတည်ပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လာမည့် ၁၃၇၉ ခုနှစ်မှာလည်း ကျော်လွှားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေး အရေးကြီးပါတယ်။ တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ခုနကပြောတဲ့ ခွန်အားတွေနဲ့အတူ ငြိမ်းချမ်းရေးရအောင် ကြိုးစားသွားကြဖို့လည်း ဆုမွန်ကောင်းတောင်းပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၆

**ယနေ့ မဟာသင်္ကြန်အတက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့သည် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။**



ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် ထုံးဘိုရှိ နယ်မြေခံ တပ်ဌာနချုပ်မိသားစုများ၏ ခါတော်မီ ရေသဘင်မဏ္ဍပ်သို့ရောက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ အရာရှိ၊ စစ်သည်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ အရာရှိ၊ စစ်သည်များအား အတာရေများ ပက်ဖျန်းပေးကြသည်။

**ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ**

ဆက်လက်ပြီး တပ်မတော်နည်းပညာတက္ကသိုလ် ရေသဘင်မဏ္ဍပ်၊ ပြင်ဦးလွင် တပ်မတော်ဆေးရုံ ရေသဘင်မဏ္ဍပ်၊ တပ်မတော်အင်ဂျင်နီယာ ကျောင်းရေသဘင်မဏ္ဍပ်များသို့လည်းကောင်း၊ ညနေပိုင်းတွင် တပ်မတော်ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ကျောင်းမိသားစုရေသဘင်မဏ္ဍပ်၊ နယ်မြေခံဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ) မိသားစုရေသဘင်မဏ္ဍပ်၊ စစ်တက္ကသိုလ်မိသားစု ရေသဘင်မဏ္ဍပ်များသို့လည်းကောင်း သွားရောက်၍ မိသားစုယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ ရေသဘင်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး အတာရေများပက်ဖျန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းလွှာ



ဂျပန်နိုင်ငံ သံအမတ်ကြီး



တရုတ်နိုင်ငံ သံအမတ်ကြီး



ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး



အမေရိကန်နိုင်ငံ သံအမတ်ကြီး



ဥရောပသမဂ္ဂ သံအမတ်ကြီး



ဗြိတိန်နိုင်ငံ သံအမတ်ကြီး

**မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး**
**Tateshi HIGUCHI**

မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ မဟာသင်္ကြန်ပွဲတော်ကို မိသားစု၊ သူငယ်ချင်းများနဲ့အတူ ပျော်ရွှင်စွာ ဆင်နွှဲကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယခု မြန်မာနိုင်ငံဟာ လူမှုရေးနယ်ပယ်မှာသာမက စီးပွားရေးနယ်ပယ်မှာပါ ကြီးမားတဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကို ဖော်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ယမန်နှစ် နိုဝင်ဘာလမှာ ဂျပန်နိုင်ငံကို တရားဝင်အလည်အပတ်ခရီး လာရောက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနဲ့ ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှာ ပြောကြားခဲ့တဲ့အတိုင်း ဂျပန်နိုင်ငံဟာ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံမှ အပြည့်အဝကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ယခုတစ်နှစ်လုံးဟာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ကောင်းမွန်တဲ့ နှစ်တစ်နှစ်ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်စကားအဖြစ် ပြောကြားလိုက်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်**

မင်္ဂလာပါ။ ကျွန်တော် ဒီနေရာကနေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ပြည်သူများအားလုံး၊ နယ်ပယ်အသီးသီးမှ မိတ်ဆွေများ အားလုံးကို နှစ်သစ်ကူး နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မိတ်ဆွေများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး**
**H.E. Dr.Luan Thuy Duong**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ နှစ်သစ်မှာ ကျန်းမာချမ်းသာပြီး စီးပွားရေးတိုးတက်အောင်မြင်ပါစေ၊ ကံကောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး**
**မစ္စတာ စကော့မာစီရယ်**

မင်္ဂလာပါ ။ ပျော်ရွှင်ကျန်းမာသော မြန်မာနှစ်သစ် ဖြစ်ပါစေ ခင်ဗျာ။

ဒီနှစ်ဟာ အမေရိကန်ပြည်သူများနဲ့ မြန်မာပြည်သူတွေကြားက ဆက်ဆံရေးနဲ့ ခင်မင်မှုရဲ့နှစ် (၇၀) ပြည့် နှစ်ပတ်လည်လည်း ဖြစ်ပါတယ်။

အမေရိကန်ပြည်သူများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ နောက်ထပ်လာမယ့် နှစ်ပေါင်းများစွာမှာလည်း မိတ်ဆွေကောင်းနဲ့ လုပ်ဖော်ကိုင်ဖက်ကောင်းအဖြစ် လက်တွဲသွားဖို့ ရည်ရွယ်မျှော်လင့်ပါတယ်။

မိတ်ဆွေများအားလုံးကို နှစ်သစ်ဆုမွန်ကောင်းတွေ မျှဝေလိုက်ပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး**
**မစ္စတာ ရိုလန် ကိုဘီယာ**

EU နိုင်ငံများရဲ့ကိုယ်စား ကျန်းမာကြွယ်ဝတဲ့ မင်္ဂလာနှစ်သစ် ၁၃၇၉ ခုနှစ် ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

လုပ်ငန်းဆောင်တာတွေ အများကြီးလုပ်ရတဲ့ ထူးခြားတဲ့ နှစ်တစ်နှစ်လို့လည်း ပြောချင်ပါတယ်။ အစီအစဉ်တကျ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲဟာ တကယ်ပဲ ပညာရှင်ဆန်ဆန်ပြီးမြောက်သွားခဲ့ပါပြီ။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့နှစ်တွေက ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းများအားလုံးအတွက် ဂုဏ်ပြုချီးကျူးလိုပါတယ်။ EU အနေနဲ့ သင်တို့ရဲ့ကြိုးစားအားထုတ်မှုကို ကူညီပေးဖို့ အပြုသဘောနဲ့ အထောက်အကူဖြစ်စေတဲ့ မိတ်ဖက်အဖြစ်နဲ့ ဆက်လက်တည်ရှိနေပါတယ်။

မြန်မာနိုင်ငံက ဘောလုံးအားကစားကို အလွန်ပဲကြိုက်နှစ်သက်ကြပါတယ်။ ဒါကြောင့် ဘောလုံးနဲ့ တင်စားပြောချင်ပါတယ်။ ဘောလုံးဟာ သိပ်ကိုစိတ်ဝင်စားဖို့ကောင်းတဲ့ ကစားနည်းပါ။ ဘာကြောင့်လဲဆိုရင် ကစားသမားအားလုံးဟာ မတူညီတဲ့ စိတ်ဝင်စားဖွယ် ကစားနည်းတွေနဲ့ အသင်းကို ကာကွယ်ပေးရပါတယ်။ ကစားသူအားလုံးက မတူကွဲပြားမှုတွေနဲ့ ကစားကြပါတယ်။ ဒါ့အပြင် ပထမဆုံးအမှတ်ရတဲ့အသင်းဟာ ပြိုင်ပွဲမှာ အနိုင်ရတဲ့ အသင်းတော့ အမြဲတမ်း မဟုတ်ပါဘူး။ အရေးအကြီးဆုံးကတော့ ပြိုင်ပွဲအပြီးမှာ လက်ဆွဲနှုတ်ဆက်နိုင်ဖို့ပါပဲ။ ကစားပွဲရလဒ်ကို လက်ခံကြရမှာပါ။ အမှားလုပ်ခဲ့မိသူတွေကို အနီကတ်ပေးထုတ်ပစ်ရမှာဖြစ်ပြီးတော့ လူတိုင်းဟာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ သိပ်အရေးကြီးတဲ့အချက်ကတော့ သိပ်ကောင်းတဲ့ အသင်းတစ်သင်းဆိုတာ နိုင်ငံတွင်းရှိ မတူညီတဲ့နေရာတွေကလာကြတဲ့ ကစားသမားတွေနဲ့ စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာဘောလုံးကစားနည်းပါ။

မြန်မာနိုင်ငံမှာ လှပတဲ့ကစားနည်းတစ်ခုဖြစ်တဲ့ ခြင်းလုံးလည်းရှိပါတယ်။ ဒီကစားနည်းရဲ့ လှပမှုကတော့ အဖွဲ့ဝင် ကစားသမားအားလုံးဟာ ဘုံရည်ရွယ်ချက်တစ်ခု အောင်မြင်ဖို့အတွက် အတူတူစုပေါင်းအားထုတ် ကြိုးပမ်းရခြင်းပဲဖြစ်ပါတယ်။

ဒီကစားနည်းက အနိုင်ရရှိဖို့ မဟုတ်ပါဘူး။ ဒီမိုကရေစီအပြောင်းအလဲကို အတူတူပါဝင်ကြပြီး မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့အရာတွေ ပေးဆောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး**
**မစ္စတာ အင်ဒရူး ပက်ထရစ်**

မြန်မာပြည်သူပြည်သားအားလုံး နှစ်သစ်ကူးမှာ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းတွေနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ နှစ်သစ်ဆုတောင်း ပို့သလိုက်ပါတယ်။

# မန်းရွှေစက်တော်ဘုရားကြီး တောင်ကျချောင်းရေများဝင်ရောက်သော်လည်း စိုးရိမ်ဖွယ်မရှိ

**မင်းဘူး ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး ပါဒခြေတော်ရာ နှစ်ဆူပိတ်ပွဲအား ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်းနှစ်ရက်) တွင် ကျင်းပမည်ဖြစ်ပြီး ဈေးဆိုင်ခန်းများနှင့် တည်းခိုဆောင်များကို ဧပြီ ၂၃ ရက်အထိ ဆက်လက်ဖွင့်ပေးထားမည်ဖြစ်၍ ဘုရားဖူးပြည်သူများလာရောက်အပန်းဖြေနိုင်ကြောင်း ဂေါပကအဖွဲ့က ကြေညာချက်ထုတ်ထားခဲ့သည်။

ယခုဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"မာရုသာ"၏ အရှိန်ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဧပြီ ၁၅ ရက် ညပိုင်းမှစ၍ ၁၆ ရက်ထိ မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသဖြင့် မန်းချောင်းအတွင်းသို့ စီးဝင်မည့် တောင်ကျချောင်းရေများကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မန်းရွှေစက်တော် ဂေါပကအဖွဲ့က ဘုရားဖူးဧည့်သည်များနှင့် ဈေးဆိုင်ခန်းများ၊ တည်းကျောင်းများကို ရွှေ့ပြောင်းကြရန် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ဘုရားဖူးဧည့်သည်များ၊ ဈေးဆိုင်ခန်းများ၊ တည်းကျောင်းများမှ လူများနှင့်ပစ္စည်းများကိုလည်း ဂေါပကအဖွဲ့က ကူညီမှုဖြင့် ဓမ္မာရုံများ၌ နေရာချထားပေးလျက်ရှိပြီး မော်တော်ယာဉ်အကူအညီလိုအပ်သူများကိုလည်း မော်တော်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း ဂေါပကဥက္ကဋ္ဌထံမှ သိရသည်။

ညနေ ၄ နာရီတွင် မန်းချောင်းအတွင်း တောင်ကျချောင်းရေများကြောင့် ယခင်ထက်ရေများ ပိုမိုစီးဝင်လာသည်မှအပ လူနှင့်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ရေလွတ်ရာသို့ ပြောင်းရွှေ့နေရာချထား



ပြီးဖြစ်၍ ချောင်းရေကြီးလာလျှင်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မုန်တိုင်းအန္တရာယ်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလည်း ကာကွယ်စောင့်ရှောက်ပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အရေးပေါ်ကွပ်ကဲရေးစင်တာမှ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် အရေးပေါ် အကူအညီများပေးအပ်နိုင်ရန် အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်း၊ အကူအညီပေးခြင်းနှင့် လိုက်လံသတိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁၆ ရက် နံနက်မှ စတင်၍ ဆိုင်ကလုန်းမုန်တိုင်း မာရုသာသတိပေးချက်များကို ရခိုင်ပြည်နယ် စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ တောင်ကုတ်၊ မာန်အောင်မြို့များသို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာ၊ရေကြည်၊ ငပုတော၊ ဘိုကလေး၊ ဟသ်ာတ၊ ဒေးဒရဲမြို့များသို့လည်းကောင်း ဆက်သွယ်အကြောင်းကြားကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များအချင်းချင်းချိတ်ဆက်၍ ပြည်သူများကို အသိပေးခြင်းနှင့် အကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရသည်။

ရခိုင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ဒုတိယတန်း) ဦးစိုးနိုင်နှင့်အဖွဲ့ကလည်း မြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ပင်လယ်ကမ်းခြေရှိ ကျေးရွာများသို့ သွားရောက်၍ ပြည်သူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း၊ သံတွဲမြို့တွင်လည်း ဆေးရုံဟောင်းမှ လူနာများကို ဆေးရုံနှစ်ထပ်ဆောင်သစ်သို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သံတွဲကမ်းခြေရှိ ကျေးရွာများသို့လည်း မုန်တိုင်းသတင်းများ လိုက်လံကြေညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘုရားဝန်းကျင်တွင် မြို့နယ်တာဝန်ရှိသူများနှင့်ပူးပေါင်းကာ အင်အား ၂၀၀ခန့်ကို လေးနေရာခွဲ၍ အသင့်နေရာယူလျက် မုန်တိုင်းအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဂုတ်ကြီးချောင်းနှင့် ကြောင်နသိုး ဆည်များတွင်လည်း ရေကင်းများ တာဝန်ချစောင့်ကြည့်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ သိရသည်။

ထို့ပြင် စစ်ကိုင်း၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တာဝန်ချပေးပြီး မုန်တိုင်းအန္တရာယ်ကို ကာကွယ်ကူညီရန်ပြင်ဆင်လျက်ရှိသည်ကို မြင်တွေ့ရသည်။



**သတင်း-ခင်ရတနာ**

**ဓာတ်ပုံ- မြန်မာနိုင်ငံ ကြက်ခြေနီအသင်း**

# မုန်တိုင်းမာရုသာ (Maarutha) ကြောင့် လယ်ယာသားငါးဆိုင်ရာလုပ်ငန်းများ ထိခိုက်မှုမရှိစေရေး ကြိုတင်သတိပေးချက်များထုတ်ပြန်

**နေပြည်တော် ဧပြီ ၁၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မာရုသာ (Maarutha) သည် မြန်မာနိုင်ငံ ကမ်းခြေဒေသ စစ်တွေမြို့နှင့် သံတွဲမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အညိုရောင်အဆင့်သတ်မှတ် ထုတ်ပြန်ထားရှိသည်။

မိုးလေဝသအခြေအနေအရ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ရာသီဥတုဆိုးရွားချိန်၌ ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ခိုလှုံရန်နေရာများ ထုတ်ပြန်ကြေညာခဲ့မှုအရ ငါးဖမ်းရေယာဉ်များအနေဖြင့် သတ်မှတ်နေရာများသို့ ရောက်ရှိကျွန်းခိုနေကြပြီးဖြစ်ကြောင်း၊ ရေယာဉ်များသို့ မုန်တိုင်းသတင်းနှင့်ပတ်သက်၍ နေ့စဉ် နံနက် ၁၀ နာရီတစ်ကြိမ် မွန်းလွဲ ၁ နာရီတစ်ကြိမ် ချိတ်ဆက်အသိပေးလျက်ရှိကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရိတ်သိမ်းရန်ကျန်ရှိနေသည့် နွေစပါးနှင့် ပဲမျိုးစုံသီးနှံများအား အချိန်မီရိတ်သိမ်း၍ အမိုးအကာအောက်ရောက်ရှိရေး၊ အချိန်မီ ရိတ်သိမ်းနိုင်ခြင်းမရှိသေးသည့် သီးနှံမျိုးစုံ စိုက်ခင်းများတွင် ရေမဝပ်စေရန် ရေနုတ်မြောင်းများ ကြိုတင်ဆောင်ရွက်ထားကြရေးနှင့် လိုအပ်သောပံ့ပိုးမှုများအား နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန ရုံးများတွင် အကူအညီရယူနိုင်ပါကြောင်း သက်ဆိုင်ရာက နှိုးဆော်ချက်များ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံတွဲမြို့၌ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ အရေးပေါ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**သံတွဲ ဧပြီ ၁၆**

သံတွဲခရိုင် သံတွဲမြို့နယ်မှ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"မာရုသာ"ကြောင့် မုန်တိုင်းအန္တရာယ် ကျရောက်ပါက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံထားရှိရန် လိုအပ်ပါကြောင်း၊ မုန်တိုင်းကျရောက်နိုင်သည့် ကမ်းခြေဒေသများရှိ ပြည်သူများကို မုန်တိုင်းနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်များကို အသိပညာပေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်တို့က မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကမ်းခြေဒေသများရှိ ပြည်သူများသို့ ပညာပေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အရေးပေါ် ရွှေ့ပြောင်းနိုင်ရေးနှင့် တုံ့ပြန်နိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေများ၊ စားနပ်ရိက္ခာနှင့်ဆေးဝါးများ စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လေဘေးရှောင်အိမ်ထောင်စုများကို ကူညီရွှေ့ပြောင်းပေး

**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့ နယ်မြေ မီးသတ်စခန်းနှင့် သုံးဖာလုံခန့်အကွာ အမှတ် (၁) ရပ်ကွက် သောင်ပြင်ရှိ ရေလုပ်သားများနေထိုင်သည့် ယာယီတဲများကို လေပြင်းတိုက်ခတ်မှုကြောင့် အန္တရာယ်ရှိနိုင်သည့်အတွက် ရွှေ့ပြောင်းပေးရန်လိုအပ်ကြောင်း သတင်းရရှိသဖြင့် ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၂၀ တို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လေဘေးရှောင်အိမ်ထောင်စု ၁၆ စုမှ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၇၀ တို့ကို အမှတ်(၁) ရပ်ကွက်ရှိ ဗိသုကာရုံမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းသို့ ရွှေ့ပြောင်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၁၅ ရက် ည ၈နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နှင့် ရေမိုင် ၂၀ မိုင်ခန့်အကွာ ခနိဆိပ်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဧပြီ ၁၆ရက် နံနက် ၉ နာရီ ၄၅ မိနစ်က သတင်းရသဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၀ တို့သည် လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စု ၃၅ စုမှ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၁၂၅ ဦးတို့ကို နီးစပ်ရာဆွေမျိုးများအိမ်သို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခြင်းကြောင့် ခနိမိုး၊ ခနိကာ ဝါးကြမ်းခင်း နေအိမ် ၂၇ လုံး ပြိုကျပျက်စီးခဲ့ပြီး ခနိမိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်ရှစ်လုံးခန့် အမိုးများလန်ခြင်း၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ခရစ်ယာန်နှစ်ခြင်းကျောင်းတစ်ကျောင်း နံရံများ ပြိုကျခဲ့ခြင်းနှင့် မြေစိုက်ခရစ်ယာန်ဓမ္မာရုံတစ်လုံး ပြိုကျခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သိရသည်။

**ခင်ရတနာ**

# လှိုင်းခိုရန်နေရာများသို့ ငါးဖမ်းရေယာဉ်များ လာရောက်ဆိုက်ကပ်ထား

**ရန်ကုန် ဧပြီ ၁၆**

ဆိုင်ကလုန်းမာရုသာ ဖြတ်သန်းမည့်ကာလအတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များအတွက် လှိုင်းလေခိုလှုံရန် နေရာများကို သတ်မှတ်ထားရာ လာရောက်ခိုလှုံသည့် ရေယာဉ် ၃၀ ကျော် ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတ်မှတ်ပေးထားခြင်းဖြစ်ပြီး မုန်တိုင်းဖြတ်သန်းရာနေရာများတွင် ရှိနေကြသည့် ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မုန်တိုင်းအန္တရာယ်ကြောင့် ရေယာဉ်များအနေဖြင့် မြစ်ချောင်းများအတွင်း ပြောင်းရွှေ့ရပ်ထားကြရန် ပြင်ဆင်ခြင်းဖြစ်သည်။

"သတ်မှတ်ပေးထားတဲ့ နေရာတွေတင် မကပါဘူး။ မုန်တိုင်းသတိပေးချက်ကြိုရထားကြတာမို့ အများစုက ကမ်းရိုးတန်းနေရာတွေမှာ ဆိုက်ကပ်ခိုလှုံပြီး နေကြပါပြီ။ ပင်လယ်မှာ ထွက်သူလုံးဝနီးပါးမရှိဘူး။ မိုးကတော့ သဲသဲမဲမဲရွာနေတယ်။ ကျွန်တော်တို့ဆီကိုတော့ နီးစပ်ရာက စက်လှေတွေ လာကပ်ကြတယ်။ အားလုံးက မုန်တိုင်းသတိရှိနေကြပါပြီ"ဟု သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်းမှ ဒေသခံတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ် မင်းဂံချောင်း၊ ဖရုံကာကျွန်း၊ သပြုချိုင်ကမ်း၊ ငလေပွေ့ချောင်း၊ တောင်ကုတ်သင်္ဘောဆိပ်နှင့် ဂွမြို့နယ် အမော်ချိုင်တို့တွင် ရာသီဥတုအန္တရာယ်ကို ကာကွယ်နိုင်မည့် လှိုင်းလေခိုလှုံဆိပ်များအဖြစ် သတ်မှတ်ပေးထားသည်။

ရခိုင်ပြည်နယ်အပြင် တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ခိုလှုံဆိပ်များကို ထားရှိပေးထားပြီး မုန်တိုင်းဖြစ်ပွားစဉ်တွင် ဝင်ရောက်ခိုလှုံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ခင်ရတနာ**

# ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများ၌ မုန်တိုင်းသတိပေးနှိုးဆော်

**ပွင့်ဖြူ ဧပြီ ၁၆** - မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆိုင်ကလုန်းမုန်တိုင်း(မာရုသာ) ဖြစ်ပေါ်နိုင်မှု သတိပေးနှိုးဆော်မှုများကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "မုန်တိုင်းရှိတယ်လို့တော့ အရင်နှစ်ရက်လောက်ကတည်းက သိရတယ်။ ကျွန်တော်တို့ကတော့ ရေဒီယိုနဲ့ လူမှုကွန်ရက်တွေကနေ မိုးလေဝသအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်နေပါတယ်။ ကြိုတင်ပြင်ဆင်စရာရှိတာတွေကိုလည်း ကြိုတင်ပြင်ဆင်ထားပါတယ်။ အခုဆိုရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေအနေနဲ့ကလည်း မုန်တိုင်းအခြေအနေကို ထူးခြားမှုရှိရင် ရှိသလို အသိပေးနှိုးဆော်မှုတွေ လုပ်ပေးပါတယ်။ ဒီဘက်မှာတော့ အခုချိန်အထိ အန္တရာယ်ကင်းပါတယ်။ မိုးကတော့ ဧပြီ ၁၅ ရက် ညကတည်းက ရွာတာ၊ အခုထိပါပဲ။ မုန်တိုင်းက ရခိုင်ဘက်ကို ဦးတည်ဝင်ရောက်နိုင်တယ်ဆိုတော့ ကျွန်တော်တို့ဘက်က သတိတော့ထားရတာ ပေါ့"ဟု ဝဲဒေါင့်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ဂေါ်ရင်ဂျီ၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေများတွင် အပန်းဖြေသူများအတွက် ကူညီကယ်ဆယ်ပေးနေ

**ရန်ကုန်  မေ  ၁၆**

သင်္ကြန်ကာလ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကမ်းခြေများသို့ အပန်းဖြေလာရောက်ကြသူများအား မုန်တိုင်းအန္တရာယ် သတိပေးချက်များကို ယမန်နေ့ကတည်းက လိုက်လံဆော်ဩခဲ့ကြပြီး မုန်တိုင်းကျရောက်သည့် အချိန်များတွင်လည်း လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရန် စီစဉ်လျက်ရှိသည်ကို မြင်တွေ့ရသည်။



"ချောင်းသာမှာရော၊ ငွေဆောင်မှာပါ ခရီးသည်တွေ အတော်များများ ပြန်ကုန်ကြပြီ။ လမ်းပန်းဆက်သွယ်ရေး မခက်ခဲတော့ အားလုံးနီးပါး ပြန်ကြတာဖြစ်ပါတယ်။ အခုအချိန်မှာ လေကြမ်းပြီး လှိုင်းကတော့ အတော်ကို မြင့်တက်နေပါပြီ။ ဒီရေလည်း တိုးလာနေတယ်။ ငရုတ်ကောင်းတစ်ဖက်မှာရှိတဲ့ ဂေါ်ရင်ဂျီကျွန်းကို သွားသူတွေကတော့ သိပ်အဆင်မပြေကြဘူး"ဟု ချောင်းသာကမ်းခြေမှ တည်းခိုခန်းတာဝန်ရှိသူ ကိုစိုးဟန်က ပြောသည်။

ဂေါ်ရင်ဂျီကျွန်းမှအပြန် လမ်းခရီးတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ ပိတ်မိနေပြီး မိုးသည်းထန်ခြင်းနှင့် မြေကျွံခြင်းများကြောင့် ခရီးသွားများမှာ မော်တော်ယာဉ်များကို လုံခြုံစိတ်ချရသည့်နေရာတွင် ထားရစ်ခဲ့ပြီး ဆိုင်ကယ်ကယ်ရီများဖြင့် ငရုတ်ကောင်းမြို့နယ်ခွဲသို့ သွားရောက်ခြင်း ပို့မိုပြုလုပ်နေကြကြောင်းနှင့် ဒေသခံများကလည်း အကူအညီများပေးခြင်း၊ နားခိုစရာများပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း ကိုစိုးဟန်က ပြောသည်။

"ကျွန်မက ကလေးငယ်နှစ်ယောက်ပါလာတော့ သိပ်စိုးရိမ်ပါတယ်။ ဆိုင်ကယ်ကယ်ရီလည်း မစီးတတ်တော့ နီးစပ်ရာနေရာမှာပဲ မော်တော်ကားရော၊ မိသားစုတွေရော ခေတ္တတည်းခိုနေပါတယ်။ လေကလည်း ကြမ်းပြီး မိုးသည်းပေမယ့် မုန်တိုင်းလမ်းကြောင်းတည့်တည့်မဟုတ်တာကြောင့် ခရီးမဆက်ဘဲ မုန်တိုင်းအန္တရာယ်ကင်းပြီဆိုမှပဲ ရန်ကုန်ကို ပြန်တော့မယ်"ဟု ဂေါ်ရင်ဂျီကျွန်းသို့ လာရောက်လည်ပတ်သူ မသန္တာငြိမ်းက ပြောသည်။

မသန္တာငြိမ်းတို့ကဲ့သို့ပင် ဂေါ်ရင်ဂျီကျွန်းမှ ပြန်လည်မောင်းနှင်လာသည့် မော်တော်ကား ၅၀ ဝန်းကျင်မှာ ဂေါ်ရင်ဂျီတောင်သွားလမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးရွာသည့်အခါ ကားများ သွားလာရခက်ခဲပြီး ရှေ့ဆက်တိုးမရဖြစ်နေကြောင်း ငရုတ်ကောင်းမြို့နယ်နေ ဦးလင်းလင်းဦးက ပြောပြသည်။

ဂေါ်ရင်ဂျီကျွန်းအပါအဝင် ချောင်းသာ၊ ငွေဆောင်တို့တွင် မုန်တိုင်းအန္တရာယ်ကြောင့် ပင်လယ်သို့ မဆင်းကြရန် သတိပေးချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

"ကူညီပေးဖို့အတွက် ပြင်ဆင်နေပါပြီ။ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအလိုက် ကူညီကယ်ဆယ်ရေးတွေ ဆောင်ရွက်ဖို့ အသင့်ဖြစ်နေပါပြီ။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကိုလည်း အမြန်ဆုံးဖြေရှင်းပေးဖို့ ဆောင်ရွက်နေတယ်"ဟု ငရုတ်ကောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံးက ဖုန်းဖြင့်ဖြေကြားသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-စိုးဟန်**

# သင်္ကြန်အကျနေ့ မိုးသည်းထန်မှုကြောင့် ပျက်စီးသွားသည့် ဓာတ်တိုင်များ ပြန်လည်ပြင်ဆင်

**ရန်ကုန်  မေ  ၁၆**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း မိုးသည်းထန်လေပြင်းတိုက် သစ်ပင်ပြိုလဲရာမှ ဓာတ်အားလိုင်းပေါ်ပြိုပြီး 6.6KV သိမ်ဖြူ-အောင်ဆန်းကွင်းလိုင်း ဓာတ်တိုင်ငါးတိုင်နှင့် 400V တိုင် တစ်တိုင်၊ ပုဂ္ဂလိက နှစ်တိုင်စင်တစ်ခုတို့ ကျိုးကျပျက်စီးသွားသဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ သိရှိရသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်အတက်နေ့ နံနက် ၁၀ နာရီတွင် မိုးရွာသွန်းပြီး လေတိုက်ခတ်ခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း ကန်တော်ကြီးထိပ်ရှိ လုံးပတ်သုံးပေခန့်ရှိ မဟော်ဂနီပင်မှာ အမြစ်မှကျွတ်၍ လမ်းပေါ်သို့လဲကျပြီး ဓာတ်ကြိုးပေါ်သို့ ပိမှုဖြစ်ပွားခဲ့သည်။

ဓာတ်တိုင်အောက်တွင် ရပ်ထားသော ဟွန်ဒါဖစ်ခဲရောင် အငှားယာဉ်တစ်စီးပေါ်သို့ ဓာတ်တိုင်ကျိုးကျခဲ့ရာ ကားအမိုးထိခိုက်ပျက်စီးခဲ့ပြီး လမ်းပေါ်တွင် သစ်ပင်များလဲကျ ပိတ်ဆို့သွားခဲ့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ ခန့်တို့က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းနှင့်အဖွဲ့၊ တောင်ပိုင်းခရိုင် စည်ပင်ပန်းဥယျာဉ်မှူးနှင့်အဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းမှုဖြင့် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှင်းလင်းပြီးစီးခဲ့ကြောင်းနှင့် လူအသေအပျောက်မရှိကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

**ခင်ရတနာ၊ ဓာတ်ပုံ- ကိုငယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့**



ဓာတ်တိုင်နှင့် မီးတိုင်များ ပြန်လည်ပြင်ဆင်နေကြသည်ကို တွေ့ရစဉ်

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက်ဆောင်ရွက်

**ပေါက်တော  မေ  ၁၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ထွေ/အုပ်ရုံးခန်းမ၌ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မေ ၁၆ ရက် နံနက် ၅နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိနေပြီဖြစ်၍ ဌာနဆိုင်ရာများနှင့် အစည်းအဝေးတစ်ရပ် ပြုလုပ်သည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက် အနီးဝန်းကျင်နှင့် ရပ်ဝေးဒေသကျေးရွာအုပ်စုများသို့ မုန်တိုင်းသတင်းကို အမြန်ဆုံးသိရှိပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကြောင်းကြားစာ၊ အသံချဲ့စက်တို့ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ နှိုးဆော်ထားကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်သရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများဖြင့် ပူးပေါင်း၍ မေ ၁၄ ရက်က ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သန်လျင်၌ မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်၊ ရပ်ကွက်ကျေးရွာအချို့ရေကြီးရေလျှံ

**သန်လျင်  မေ  ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများတွင် မေ ၁၆ ရက် နံနက်ပိုင်းမှစ၍ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းသဖြင့် ရပ်ကွက်ကျေးရွာအချို့ရေကြီး ရေလျှံမှုဖြစ်ပေါ်ခဲ့ရာ သန်လျင်မြို့မြို့မတောင်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်း၊ ဖို့မြေလမ်း၊ သတိပဋ္ဌာန်လမ်းနှင့် အိမ်များအတွင်း ရေများဝင်ရောက်နေသည်ကို တွေ့မြင်ရသည်။ **သက်ခိုင် (သန်လျင်)**

# တာမွေမြို့နယ်တွင်လေတိုက်သဖြင့် သစ်ကိုင်းများကျိုးကျ

**ရန်ကုန်  မေ  ၁၆**

တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဦးထွန်းမြတ်လမ်း၌ မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က လေပြင်းတိုက်သဖြင့် ပိတောက်ပင်ကျိုးကျခဲ့သည်။

ကျိုးကျသော သစ်ပင်၏အကိုင်းအခက်မှာ လျှပ်စစ်မီးကြိုးပေါ်ကျ၍ ဓာတ်တိုင်လေးတိုင် ထိခိုက်သွားခဲ့သည်။ ထို့အပြင် အလုပ်သမား ဆေးရုံဝင်းအတွင်းလည်း သစ်ကိုင်းများ ကျိုးကျခဲ့သဖြင့် မြို့နယ်တွင်းရှိရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ပင်သာယာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပြီး ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။ **လှလှ**

# ကျောက်ဖြူမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြိုတင်ဆောင်ရွက်

**ကျောက်ဖြူ  မေ  ၁၆**

မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မာရသာ (Maarutha) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၁၀၅ မိုင်ခန့်၊ ဂွမြို့၏ အနောက်တောင်ဘက် ၉၅ မိုင် ခန့်၊ သံတွဲမြို့၏ အနောက်တောင်ဘက် ၁၀၅ မိုင်ခန့်နှင့် ကျောက်ဖြူမြို့၏တောင်၊ အနောက်တောင်ဘက် ၁၃၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထား သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မာရသာ (Maarutha) သည် မြန်မာနိုင်ငံ ကမ်းခြေဒေသ သံတွဲမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ မုန်တိုင်း၏ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၅၀ နှုန်းဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ်အတွင်း မုန်တိုင်းသတိပေး ဆောင်ရွက်ချက်များကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအဖွဲ့သည် ကျောက်ဖြူမြို့တွင်းနှင့် ပင်လယ်ကမ်းခြေနှင့်နီးသော ကျေးရွာများသို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးလိုက်လံ နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

အကြံပြုချက်မှာ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ရှီကျင့်ဖျင်၏ အုပ်ချုပ်မှုစာအုပ် ပါကစ္စတန်တွင် ဖြန့်ချိ

**အစ္စလမ္မာဘတ် မေ ၁၆**

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်၏ အုပ်ချုပ်မှုဆိုင်ရာစာအုပ်အား အူရဒူဘာသာစကားဖြင့် ပါကစ္စတန်နိုင်ငံတွင် ဖြန့်ချိသည့် အခမ်းအနား ပြုလုပ်ခဲ့ရာ ယင်းအခမ်းအနားသို့ ပါကစ္စတန်နှင့် တရုတ်နိုင်ငံမှတာဝန်ရှိသူများ၊ ပညာရှင်များနှင့် သုတေသီများ အပါအဝင် စုစုပေါင်း လူ ၃၀၀ နီးပါး တက်ရောက်ခဲ့ကြသည်။

အဆိုပါစာအုပ်တွင် ၂၀၁၂ ခုနှစ်နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ ပြောကြားခဲ့သော မိန့်ခွန်းများ၊ ပြောစကားများ၊ မှတ်စုမှတ်ရာများ၊ တွေ့ဆုံမေးမြန်းမှုများ ပါဝင်သည်။

ယင်းစာအုပ်အား ဘာသာစကား ၁၆ မျိုးဖြင့် ပြန်ဆိုခဲ့ပြီး ကမ္ဘာအနှံ့ စာအုပ်ပေါင်း ၆ ဒသမ ၂ သန်း ဖြန့်ချိခဲ့ကြောင်း သိရသည်။

အဆိုပါစာအုပ်သည် အသိအမြင်ကြွယ်ဝခြင်းနှင့် တက်ကြွမှုများကို ပေးစွမ်းနိုင်သည့်အပြင် သမ္မတရှီကျင့်ဖျင်၏ အတွေ့အကြုံများနှင့် ဉာဏ်ပညာလွှမ်းမိုးပြီး ကြင်နာမှုရှိသည့် အတွေးအခေါ်များကို မျှဝေထားသည်။

ထို့ပြင် ပြည်သူများ၏ ဘဝအကြောင်းအရာများ၊ လူမှုဘဝများနှင့် စိတ်ကူးများလည်း ပါဝင်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာရစ်ဖ်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ )**

# မြောက်ကိုရီးယားဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခြင်းမရှိ



အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိစဉ်

**ပြုံယမ်း မေ ၁၆**

ကုလသမဂ္ဂနှင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်းမရှိသည့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အစီအစဉ်များကို ရှေ့တိုးဆောင်ရွက်လာနေမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် တောင်ကိုရီးယားသို့ မရောက်မီ နာရီပိုင်းအလိုတွင် မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို တနင်္ဂနွေနေ့က ပြုလုပ်ခဲ့ကြောင်း အမေရိကန်ပစိဖိတ် စစ်ရေးညွှန်ကြားမှုအဖွဲ့က ပြောကြားခဲ့သည်။

သို့သော် ယင်းစမ်းသပ်မှုသည် အောင်မြင်ခဲ့ခြင်းမရှိဟုသတင်းရင်းမြစ်များကဆိုသည်။အမေရိကန်နှင့် တောင်ကိုရီးယားသည် မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည့် ယင်းဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန် အတူတကွလုပ်ဆောင်လျက်ရှိသည်။

မြောက်ကိုရီးယားသည် မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံက ထပ်ကာတလဲလဲ သတိပေးတားမြစ်မှုများကို လျစ်လျူရှုလျက် မြောက်ကိုရီးယားအရှေ့ဘက်ကမ်းခြေတွင် ဒုံးကျည်စမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုသည် မြောက်ကိုရီးယားနိုင်ငံက မြို့တော် ပြုံယမ်း၌ စစ်ရေးပြအခမ်းအနားကြီး တစ်ခုကို ကျင်းပခဲ့ပြီးနောက် တစ်ရက်အကြာတွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယင်းစစ်ရေးပြအခမ်းအနားသည် မြောက်ကိုရီးယားသမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးစစ်ရေးပြအခမ်းအနားတစ်ခုဖြစ်ပြီး စစ်ရေးပြချီတက်မှုအတွင်း အကွာအဝေးအားဖြင့် ၁၀၀၀ ကီလိုမီတာအထိရောက်ရှိအောင် ပစ်ခတ်နိုင်သော ပဲ့ထိန်းဒုံးကျည်နှင့် ရေငုပ်သင်္ဘောတစ်စင်းပါဝင်သော အဆင့်မြင့်ဒုံးကျည်များကို ခင်းကျင်းပြသခဲ့သည်။

မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို တောင်ပိုင်း ဟမ်ဂျုံးပြည်နယ် ဆင်ပိုအနီးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ရေးညွှန်ကြားမှုအဖွဲ့နှင့် တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# သီရိလင်္ကာ၌ စွန့်ပစ်အမှိုက်ပုံပြိုကျ လူ ၁၀ ဦးသေဆုံး

**ကိုလံဘို မေ ၁၆**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အပြင်ဘက်ရှိ စွန့်ပစ်အမှိုက်ပုံတစ်ခု ယမန်နေ့က ပြိုကျမှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ကိုလံဘိုမြို့ အပြင်ဘက်ရှိ မီသိုတမူလာ စွန့်ပစ်အမှိုက်ပုံကြီး သည် မကြာသေးမီက ပြိုကျခဲ့ရာ နေအိမ် ၆၀ ကျော် အမှိုက်များဖြင့် ဖုံးလွှမ်းသွားခဲ့ကြောင်းသိရပြီး အချို့သတင်းရင်းမြစ်များတွင် အမှိုက်ပုံပြိုကျမှုကြောင့် နေအိမ် ၁၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမှိုက်ပုံပြိုကျစဉ် လူပေါင်းများစွာ ပိတ်မိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲပြုလုပ်ခဲ့ရကြောင်း သိရသည်။ သေဆုံးသူများထဲတွင် ကလေးငယ်လေးဦး ပါဝင်ကြောင်း သိရပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ ရကြောင်း သိရသည်။

တာဝန်ရှိသူများက လူပေါင်း ၁၈၀ ကျော်ကို ဘေးကင်းလုံခြုံသောနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ အမှိုက်ပုံပြိုကျမှုဖြစ်ပွားသည့်နေရာတွင် မီးလောင်မှု ထပ်မံဖြစ်ပွားခဲ့ရာ အရေးပေါ် မီးငြိမ်းသတ်မှုများကို ပြုလုပ်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ဘေးဒုက္ခရောက်ခဲ့သည့် မိသားစုများကို အကူအညီအထောက်အပံ့များပေးရန် သီရိလင်္ကာသမ္မတ မိုင်သရီပါလဆီရီဆီနာက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနသို့ ညွှန်ကြားထားသည်။

ထိုနေရာ တွင် နေထိုင်ကြသော ဒေသခံများက အမှိုက်ပုံအား အခြားနေရာသို့ ပြောင်းရွှေ့ပေးရန် လွန်ခဲ့သောလများစွာကပင် အာဏာပိုင်များထံ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဗုံးပေါက်ကွဲမှုကြောင့် ဘတ်စ်ကားစုရပ်ရှိ ဆီးရီးယားဒုက္ခသည် ၇၀ ထက်မနည်းသေဆုံး




**ဒမတ်စကတ် မေ ၁၆**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အစိုးရထိန်းချုပ်ဒေသမှ ပြည်သူများကို ကယ်ထုတ်ပေးမည့် ဘတ်စ်ကားစုရပ်အား ပစ်မှတ်ထားသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၇၀ ထက်မနည်း သေဆုံးခဲ့ပြီး ၁၂၈ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရှီးယိုက်ပြည်သူ ၅၀၀၀ အား ဘေးကင်းစွာ ပို့ဆောင်ပေးရန် စောင့်ဆိုင်းနေစဉ် အသေခံဗုံးခွဲသမားများက ဗုံးများတပ်ဆင်ထားသော အာလူးကုန်တင်ကားတစ်စီးဖြင့် ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီဒလစ်ပြည်နယ် ကာဖရာယာမြို့နှင့် ဖို့အာမြို့မှပြည်သူများအား ဘေးကင်းစွာ ရွှေ့ပြောင်းပေးရန် ဆီးရီးယားသူပုန်များနှင့်အစိုးရတို့ သဘောတူခဲ့ကြသည်။

အပြန်အလှန်အားဖြင့် သူပုန်များ၏မိသားစုဝင်များအား ဆီးရီးယားအစိုးရက ဒမတ်စကတ်မြို့မြောက်ပိုင်း မဒယ်ယာမြို့နှင့် ဆာဗာဒါနီမြို့များကို စွန့်ခွာ၍ အီဒလစ်ပြည်နယ်သို့ သွားရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းရန်စောင့်ဆိုင်းနေစဉ် ကိုယ်ဝန်ဆောင်မိခင်အချို့သည် ဘတ်စ်ကားများအတွင်း ကလေးများမွေးဖွားခဲ့ရပြီး အခြားသူများမှာလည်း ရေနှင့်အစား အစာများလုံလောက်စွာ မရရှိကြောင်း ရာရှီဒန်ဧရိယာရှိ စောင့်ဆိုင်းနေသူတစ်ဦးက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အီရန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၄၀ ကျော် သေဆုံး



အီရန်တွင် ရေကြီးမှုကြောင့် ပျက်စီးသွားသော လမ်းကိုတွေ့ရစဉ်

**တီဟီရန် မေ ၁၆**

ယမန်နေ့က အီရန်နိုင်ငံအနောက်မြောက်ဘက် အဇာဘိုင်ဂျန်ပြည်နယ် အရှေ့ပိုင်းတွင် မိုးသည်းထန် စွာရွာသွန်းခဲ့ရာ သေဆုံးသူ အရေအတွက် ၄၂ ဦးထိ တိုးလာခဲ့ကာ ခြောက်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုင်ငံပိုင်သတင်းတွင် ဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုကြောင့် ဒဏ်ရာရရှိခဲ့သူများအား နီးစပ်ရာဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အရေးပေါ် အကူအညီများ ပေးအပ်လျက်ရှိကြောင်း အီရန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ဝန်ဆောင်မှုဌာနအကြီးအကဲ ပါဟော်စိန်ကူလီဗန်ဒ်က ပြောသည်။

အီရန်နိုင်ငံ အဇာဘိုင်ဂျန်ပြည်နယ်တွင် မေ ၁၄ ရက်ကတည်းက စတင်ရွာသွန်းခဲ့သည့် မိုးရွာသွန်းမှုသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း ပရက်စ်တီဗွီ သတင်းအရ သိရသည်။

ယခုရွာသွန်းခဲ့သော မိုးများကြောင့် ဆယ်စုနှစ်များအတွင်း အဇာရှာဟာမြစ်ရေအမှတ်မှာ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

အဇာဘိုင်ဂျန်ပြည်နယ် အာဂျစ်ရှာနှင့် အဇာရှာဟာဒေသများတွင်လည်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆိုင်ကလုန်းမုန်တိုင်း မာရသာ (Maarutha) သံတွဲမြို့အနီးမှ ဖြတ်သန်းပြီး မုန်တိုင်းငယ်အဖြစ်ဆက်လက်ကျန်ရှိနိုင်ကြောင်းခန့်မှန်းထား

**သတင်း- မင်းသစ်၊ သန့်ဇင်ဝင်း**

**ဓာတ်ပုံ-** Yangon Police

**ရန်ကုန် မေ ၁၆**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မာရသာ(Maarutha) ဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့အနီး ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ပြီးနောက် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်ကျန်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက ယနေ့ ညနေပိုင်းက မြန်မာ့သတင်းစဉ် သို့ ပြောသည်။

"သံတွဲမြို့နားကနေ ဖြတ်သွားမယ်လို့ ခန့်မှန်းထားတယ်။ ဒီညနေ ၆ နာရီ တိုင်းတာထုတ်ပြန်ချက်အရ ဗဟိုချက်က မဖြတ်သေးဘူး။ သံတွဲမြို့ရဲ့ အနောက်တောင်ဘက် ၈၂ မိုင်အကွာမှာရှိနေတယ်။ ဗဟိုချက်ဖြတ်ဖို့က နောက် ၆ နာရီလောက် ဖြတ်မယ်လို့ မှန်းထားတယ်။ ကုန်းတွင်းဝင်ရောက်ရင်တော့ နည်းနည်းတော့ အားပျော့သွားမယ်၊ အခု ဆိုင်ကလုန်းမုန်တိုင်း အဆင့်ပေါ့၊ ပြီးရင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်ဆက်ရှိနေနိုင်တယ်၊ ချက်ချင်းတော့ အားမပျော့သွားဘူး၊ ကုန်းတွင်းပိုင်းရောက်သွားရင် တစ်ရက်လောက်တော့ မုန်တိုင်းကျန်ရှိနေမယ်လို့ ခန့်မှန်းထားပါတယ် "ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက ပြောသည်။

မုန်တိုင်းဝင်ရောက်လာပါက ရခိုင်ပြည်နယ်အတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက "ရေကြောင်းသွားလာရေးအတွက်က သင်္ကြန်အတွင်းဖြစ်တဲ့အတွက်ကြောင့် တချို့သင်္ဘောတွေက အကုန်လုံး အထွက်ရပ်ထားကြတယ်။ သက်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးဌာနကိုလည်း ရေယာဉ်တွေမထွက်ဖို့ အကြောင်းကြားထားတယ်"ဟု ပြောသည်။

ထို့အတူ မုန်တိုင်းဒဏ် သက်ရောက်နိုင်သည့် ရခိုင်ပြည်နယ် မြို့များရှိ ကမ်းရိုးတန်းနေ ဒေသခံပြည်သူများကိုလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ပင်လယ်ပြင် ငါးဖမ်းမထွက်ရန်နှင့် မုန်တိုင်းအန္တရာယ်သတိထားရန် အသိပေးမှုများ ဆောင်ရွက်နေကြောင်း ဒေသခံများထံက သိရသည်။

"ကမ်းကိုမထွက်ကြဖို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး လုပ်ထားပါတယ်။ ကယ်ဆယ်ရေးအတွက်တော့ ဝန်ကြီးတစ်ဦးက သံတွဲမြို့မှာစောင့်နေတယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်အတွင်းမှာ အရေးပေါ်ကိစ္စရပ်တွေကို စီမံခန့်ခွဲဖို့အတွက်ရှိနေကြတယ်"ဟု လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

မုန်တိုင်းအခြေအနေနှင့် စပ်လျဉ်းပြီး စစ်တွေမြို့ခံ ကိုတင်ထွန်းက "အခုတော့ မိုးရွာနေတယ်။ လေကမတိုက်ဘူး။ ငြိမ်နေတယ်၊ သံတွဲကိုတော့ ညဝင်မယ်လို့တော့ ပြောတယ်၊ သင်္ဘောတွေကတော့ သင်္ကြန်မတိုင်မီကတည်းက ရပ်ထားတယ်၊ မုန်တိုင်းရှောင်တာတော့မရှိဘူး၊ သင်္ကြန်တွင်းနားရက်ဖြစ်နေတော့ ချောင်းထဲဝင်ပြီးသင်္ဘောတွေကပ်ထားကြတယ်၊ သင်္ကြန်ပြီးမှထွက်မှာပါ" ဟု ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယခုဖြစ်ပေါ်နေသည့် မုန်တိုင်းကို ဆိုင်ကလုန်းမုန်တိုင်း အဆင့် သတ်မှတ်ထားပြီး အနီရောင်အဖြစ် သတိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"အထူးသဖြင့် ရခိုင်ပြည်နယ်မှာ မုန်တိုင်းဝင်ခါနီးရော၊ ဝင်တဲ့အခါမှာပါ လေပြင်းတိုက်ခတ်နိုင်တာရှိမယ်၊ မိုးကြီးနိုင်တဲ့အတွက်ကြောင့် မြေပြိုတာတွေလည်း တောင်ပေါ်ဒေသမှာဖြစ်နိုင်တယ်။ ကုန်းမြင့်ဒေသမှာနေထိုင်တဲ့သူတွေ ရုတ်တရက် ရေကြီးရေလျှံတာတွေ ဖြစ်နိုင်ပါတယ်၊ မြေပြိုတဲ့ အန္တရာယ်ကို သတိပြုထားဖို့၊ နောက်ကမ်းရိုးတန်းတစ်လျှောက် မြစ်ငယ် ချောင်းငယ်များအနီးမှာ နေထိုင်တဲ့သူများလည်း ရေကြီးရေလျှံ ဖြစ်နိုင်တဲ့အတွက်ကြောင့် ကြိုတင်သတိပြုနေထိုင်ဖို့၊ နောက်လေကြောင်းပျံသန်းရေးရော၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်မှာရှိတဲ့ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်သင်္ဘောတွေလည်း ကြိုတင်သတိပြုဖို့လိုအပ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက ပြောသည်။



ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံအတွင်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းများတွင် အားအကောင်းဆုံး မုန်တိုင်းမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် တိုက်ခတ်ခဲ့သည့် ကြံ့မုန်တိုင်းဖြစ်ပြီး ဆိုင်ကလုန်းမုန်တိုင်းအဆင့်သတ်မှတ်ခဲ့သည်။ ယခုတိုက်ခတ်သည့်မုန်တိုင်းသည် ၂၀၁၇ ခုနှစ်တွင် ပထမဆုံးတိုက်ခတ်သည့်မုန်တိုင်းဖြစ်ပြီး ဆိုင်ကလုန်းအဆင့်ရှိ မုန်တိုင်းဖြစ်ကြောင်း သိရသည်။

ယခုဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း မာရသာ ၏ အရှိန်ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် လေပြင်းများတိုက်ခတ်ခဲ့ပြီး လူနေအိမ်တချို့ ပျက်စီးသွားခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တို့တွင် ယနေ့ နေ့လယ်ပိုင်းက လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် သစ်ပင်များ(**အပေါ်ပုံ**)နှင့် ဓာတ်တိုင်များ ပြိုလဲခဲ့ပြီး အပျက်အစီးတချို့ရှိခဲ့ကြောင်း မြို့နယ်များရှိ ဒေသခံများထံက သိရသည်။

## မောင်တောမြို့နယ်၌ ကြိမ်ချောင်းဈေးသို့ ဈေးဝယ်သွားသူတစ်ဦး ဖမ်းဆီးခေါ်ဆောင်ခံရ

**မောင်တော မေ ၁၆**

မောင်တောမြို့နယ် ကြိမ်ချောင်း(တောင်) ကျေးရွာနေ ဇော်လှိုင်(ခ) မာမတ်တာလောင်(ဘ) ဟူဆောင်းအာမတ်(၃၅ နှစ်) ခန့်သည် မေ ၁၆ ရက် နံနက် ၈ နာရီခွဲခန့်တွင် ၎င်း၏ နေအိမ်မှ ဆိုင်ကယ်ဖြင့် ကြိမ်ချောင်းဈေးသို့ ထွက်သွားရာ လောင်းဒုံကျေးရွာအုပ်စု ကြိုက်ချောင်းကျေးရွာရှိ ဗလီအနီး၌ လူနှစ်ဦးက ဖမ်းဆီးပြီး ကြိုးတုပ်၍ ဆင်သေပြင်ကျေးရွာဘက် သို့ ဆိုင်ကယ်ဖြင့် ခေါ်ဆောင်သွားကြောင်း သိရသည်။

ဖမ်းဆီးခံရသူ ဇော်လှိုင်(ခ) မာမတ်တာလောင်သည် ၎င်း၏ ဇနီးဖြစ်သူ၏အစ်ကို ဝါဒူလ်ဟောတ် (ဘ) ဂူရာမျာ (၄၅ နှစ်)ခန့်နှင့် တစ်ရွာတည်းနေ အီလီယာစ် (ဘ) လေးဒူလ် (ခ) အဒူလ်လာဇီတ် (၂၉ နှစ်) ခန့်တို့ ၁၅-၁၀-၂၀၁၆ ရက်ကစကားများရန်ဖြစ်မှုနှင့်ပတ်သက်ပြီး အီလီယာစ်အား သက်ဆိုင် ရာသို့ တိုင်ကြားခဲ့သဖြင့် အီလီယာစ်က ၎င်းအား ကျေနပ်မှု မရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အီလီယာစ်နှင့် မိသားစုမှာ နေအိမ်တွင်မရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာ၌ မီးလောင်မှုဖြစ်ပွား၍ ဆိုင်ခန်း ၁၂ ခန်းဆုံးရှုံး

**မောင်တော မေ ၁၆**

မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာလမ်းဆုံရှိ ဈေးဆိုင်ခန်းများ မီးလောင်နေကြောင်း မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပြင်ဖြူရဲစခန်းသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားလာသဖြင့် အုပ်ချုပ်ရေးမှူး မာမတ်ရီယာစ်၊ ရာအိမ်မှူး ဇော်တော်ရှီယာတို့နှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဇင်ပိုင်ညာကျေးရွာလမ်းဆုံရှိ ဈေးဆိုင်တန်းတွင် စက်သုံးဆီရောင်းချသော ဒိုးတန်းကျေးရွာနေ ဆော်တန်ဟူဆောင်း(၂၅နှစ်)(ဘ) အီဟန်နူဆောင်း၏ ဈေးဆိုင်တွင် ဆေးလိပ်သောက်ရာ ဆေးလိပ်မီးပွားမှ တစ်ဆင့်အနီးရှိ စက်သုံးဆီဘူးအား စတင်လောင်ကျွမ်းခဲ့ကာ ဆိုင်ခန်းထရံနှင့်အမိုးတို့အား ဆက်လက်လောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ချင်းကပ်လျက်ရှိ ၁၅ ပေ ပတ်လည်၊ အမြင့် ၁၀ပေခန့်ရှိ ဓနိမိုး၊ ထရံကာ ဈေးဆိုင်ခန်း ၁၁ ခန်းတို့အား ကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ ကျေးရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်သော်လည်း မီးမှာ ဆက်လက်လောင်ကျွမ်းနေသဖြင့် နယ်မြေခံ တပ်မတော်သားများက ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ရောက်ရှိလာပြီး ဆက်လက်ငြှိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၂နာရီ မိနစ် ၄၀ တွင်လုံးဝငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၁၂ ခန်း စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၄၀၀၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် ဆေးလိပ်မီးအား ပေါ့ဆစွာ သုံးစွဲသူ ဆော်တန်ဟူဆောင်း (ဘ)အီဟန်နူဆောင်း ဒိုးတန်းကျေးရွာနေသူအား ပြင်ဖြူရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာယူ-၁၈ အသင်းရှုံးနိမ့်

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စု တတိယနေ့ပွဲစဉ်များကို ယနေ့ညနေ ပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာယူ-၁၈ အသင်း နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည်။

ဂွမ်ဂျူး ယူ- ၁၈ အသင်း နှစ်ဂိုး၊ မြန်မာ ယူ-၁၈ အသင်းတစ်ဂိုး၊ မြန်မာ ယူ-၁၈ အသင်းသည် တောင်ကိုရီးယားကလပ် ဂွမ်ဂျူး ယူ-၁၈ အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ပွဲဆက်အရှုံးနှင့်အတူ ဗိုလ်လုပွဲနှင့်လွဲချော်ဖွယ်ရှိနေသည်။

မြန်မာယူ-၁၈ အသင်းသည် ယခုပွဲတွင် ချေပဂိုးပြန်သွင်းနိုင်သော်လည်း သရေရလဒ်ကို မထိန်းနိုင်သောကြောင့် ရှုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ဂိုးစတင်ပေး ခဲ့ရသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ၆၇ မိနစ်တွင် ပြည့်စုံနိုင်က ပြန်လည် သွင်းယူခဲ့သည်။

ဂွမ်ဂျူးအတွက် အနိုင်ဂိုးကို ၇၉ မိနစ်တွင် ကွမ်ဘီအွန်က သွင်းယူပေးခဲ့သည်။ ယင်းပြိုင်ပွဲကို မေ ၁၁ ရက်က စတင်ကျင်းပခဲ့ပြီး မြန်မာယူ-၁၈ အသင်းသည် မေ ၁၃ရက်က အိမ်ရှင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် စတင်ကစားခဲ့ရာ နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် တစ်ဂိုးစီ သရေကစားနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် တတိယပွဲအဖြစ် မေ ၁၈ ရက်တွင် တရုတ် (တိုင်ပေ) ယူ-၁၉ အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## မန်ယူတို့ ချယ်လ်ဆီးကို အိမ်ကွင်း၌အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃၃) အဖြစ် မေ ၁၆ ရက်က ကစားရာ မန်ယူတို့ ချယ်လ်ဆီးကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူတို့အနေဖြင့် အနိုင်ရရှိရေးအတွက် ကြိုးစားမှုကြောင့် ပွဲချိန် ၇ မိနစ်တွင် ရက်ဖို့ဒ်က အဖွင့်ဂိုးသွင်းယူပေးပြီး ပထမပိုင်းတွင် တစ်ဂိုး- ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၄၉မိနစ်တွင် ကွင်းလယ်ကစားသမား ဟာရဲယားက မန်ယူအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်သဖြင့် ပွဲအပြီးတွင် မန်ယူတို့ နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၃၃) အပြီး ချယ်လ်ဆီးက ၃၂ ပွဲကစား ၇၅ မှတ်ဖြင့် ဇယားထိပ်မှ ဦးဆောင်နေသော်လည်း စပါးက ၇၁ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်၍ ဖိအားပေးနေသောကြောင့် ချယ်လ်ဆီးတို့အနေဖြင့် ဖလားရရှိရေးအတွက် လက်ကျန်ပွဲများတွင် အနိုင်ရရှိရေး ရုန်းကန်ရတော့မည် ဖြစ်သည်။ မန်ယူတို့က ၃၁ ပွဲကစား ရမှတ် ၆၀ ဖြင့် အဆင့် ၅ ၌ ရပ်တည်နေသည်။

ဝက်စ်ဘရွန်းနှင့် လီဗာပူးပွဲတွင် လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**သီဟ**

# မောင်တောမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မောင်တော ဧပြီ ၁၆**

မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန် အခါသမယ၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မောင်တောမြို့၌ ယနေ့(သင်္ကြန်အတက်နေ့)ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်သာသနာရေးဦးစီးဌာနနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကာ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုလ္လဘ သံဃာတော် ၁၅၂ ပါးနှင့် မြို့ပေါ်/ ရပ်ကွက်များရှိ ကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များအပါအဝင် စုစုပေါင်း သံဃာတော် ၂၄၄ ပါးကြွရောက်အလှူခံတော်မူခဲ့ကြသည်။

ထိုသို့ ကြွချီအပူဇော်ခံရာတွင် မောင်တောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များက ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**



# မော်ကျွန်းမြို့၌ သင်္ကြန်အတက်နေ့တွင် ရေကစားသူများ အထူးစည်ကား

**မော်လမြိုင်ကျွန်း ဧပြီ ၁၆**

မော်လမြိုင်ကျွန်းမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အတက်နေ့ နံနက် ၇ နာရီမှစပြီး မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲနှင့် မအူပင်မြို့နယ်တို့မှ ရေပက်ခံကားများဖြင့် တကူးတကလာရောက်ကြပြီး မော်လမြိုင်ကျွန်း မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ လာရောက်နွှဲပျော် ရေကစားကြသည်။

နံနက် ၇ နာရီခန့်မှစပြီး မိုးရွာသွန်းနေသော်လည်း မြို့နယ်ပေါင်းစုံမှ သင်္ကြန်ချစ်သူများက မိုးရွာသွန်းနေသည့်ကြားမှ မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ မဟာဗန္ဓုလလမ်း၊ အောင်ဆန်းလမ်း၊ တပင်ရွှေထီးလမ်း၊ အောင်ရိပ်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းမကြီးများသို့ သီးသန့် ရေပက်ခံကားများ၊ မိသားစု ရေပက်ခံကားများ၊ ဆိုင်ကယ်များ၊ တုတ်တုတ်ယာဉ်များဖြင့် လှည့်လည်ပြီး ရပ်ကွက်အလိုက်စုရပ် ရေကစားမဏ္ဍပ်ငယ်များ၊ ဇာတိမဏ္ဍပ်၊ ၁၅လမ်းမဏ္ဍပ်နှင့် လူငယ်များ၏ အုန်းလက်မိုး မဏ္ဍပ်ငယ်များတွင် ရေပက်ခံအဖွဲ့များနှင့် ရေပက်အဖွဲ့များ ယဉ်ကျေးပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ထို့ပြင် မော်လမြိုင်ကျွန်းမြို့မဟာဗန္ဓုလ ၁၃ လမ်းထိပ် ဇာတိမဏ္ဍပ်ရှေ့တွင် ရွှေသံစဉ်နှင့် မယ်လိုဒီခေတ်ပေါ်တေးဂီတ အဖွဲ့များ၏ အဆိုတော်များက သင်္ကြန်တေးသီချင်းများ ဖြင့်ဖျော်ဖြေခြင်း၊ သင်္ကြန်ချစ်သူ သင်္ကြန်ယိမ်းအကအလှု အဖွဲ့များကလည်း သင်္ကြန်အက၊သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ မြို့နယ်ပေါင်းစုံမှလာရောက်ကြသော သင်္ကြန် ချစ်သူအဖွဲ့များသည် သင်္ကြန်သီချင်းများဖြင့် ပျော်ရွှင်စွာ သီဆိုကခုန်ပြီး မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြ သည်။

**မော်ကျွန်း(မြင့်အောင်)**



# ဖန်းမောက်ဇလုံတောင်စေတီ သင်္ကြန်ကာလ ဘုရားဖူးများစည်ကား

**ဖန်းမောက် ဧပြီ ၁၆**

အံ့ဖွယ်ဂုဏ်ဆောင် ဇလုံတောင် (သလွန်တောင်တော်) အောင်တော်မူအောင်ဆုယူစေတီသည် စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်တွင် တည်ရှိ၍ ဖန်းမောက်မြို့မှ ၁၄ မိုင် ၆ ဖာလုံ ကွာဝေးသည်။ ဇလုံတောင်ပေါ်တွင် တည်ထားကိုးကွယ် လျက်ရှိသည်။ ဇလုံတောင်သည် ကျောက်တောင် ဖြစ်သည် ။

ကျောက်တောင်သည် ၆၆၆ ပေမြင့်ပြီး ဤကျောက် တောင်တွင် ငါးဆူမြောက် အရိမေတ္တေယျမြတ်စွာဘုရား တရားဦးဟောမည့်နေရာဖြစ်၍ ဘုရားပွင့်မည့် သလွန်တောင်ဟု ခေါ်ဆို ခဲ့ကြရာမှ နှစ်ပေါင်းများစွာ ကြာလာသောအခါ ဒေသခံ များက ဇလုံမှောက်ထားသည်နှင့်တူ၍ ဇလုံတောင်ဟု ခေါ်ဆို ခဲ့ကြောင်း၊ ကျောက်တောင်ကြီးပေါ် ဘုရားတည်ထားခဲ့သည် မှာ နှစ်ပေါင်း ၉၀၀ ခန့် ကြာပြီဖြစ်ကြောင်း၊ ဘုရားပွဲတော်ကို နှစ်စဉ်သင်္ကြန်အပြီး ရက်သတ္တတစ်ပတ်အကြာ ကျင်းပခဲ့ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

ဘုရားကြီး၏ တောင်ဘက် နှစ်မိုင် ခန့်အကွာ တောင်ပေါ် တွင် ကျောက်မဏ္ဍပ်ဘုရားရှိသည်။ တောင်ထိပ်တွင် ကျောက်ဖျာကြီး အလျား ပေ ၈၀ ခန့်၊ အနံ ပေ ၇၀ ခန့်ရှိ၍ တောင်ပေါ်တွင် နှစ်ဖက်နှစ်ခြမ်း ကျောက်အမိုးမဏ္ဍပ်ကြီးဖြစ် နေခြင်းကြောင့် ကျောက်မဏ္ဍပ်ဟု ထင်ရှားကျော်ကြားလျက် ရှိသည်။ ကျောက်ဖျာကြီးပေါ်တွင် စေတီငယ်တစ်ဆူ၊ ကျောက် မဏ္ဍပ်ထဲတွင် ဆင်းတုတော်တစ်ဆူရှိသည်။

မော်တော်ယာဉ် အသင်းဂိတ်မှ တောင်ပေါ်သို့ဘုရားဖူး ပြည်သူများ သွားလာမှုအဆင်ပြေစေရန် ဖိုးဝိုးမော်တော်ယာဉ် အသင်းမှ ဖိုးဝိုးကားများ စီစဉ်ပေး၏။ လူတစ်ဦးလျှင် အတက် ကားခ ငွေကျပ် ၃၅၀၀၊ အဆင်းကားခ ငွေကျပ် ၂၅၀၀ ဖြစ်သည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလဖြစ်၍ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများက ကား၊ ထော်လာဂျီ၊ ခြေကျင်ဖြင့် လာရောက်ဖူးမြော်ကြပြီး ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင် ကပ်လှူကြခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းတို့ကြောင့် ဇလုံတောင်စေတီနှင့် ကျောက်မဏ္ဍပ်တို့တွင် မဟာသင်္ကြန် ကာလ ဧပြီ ၁၆ ရက် မွန်းလွဲပိုင်း၌ ဘုရားဖူးလာပြည်သူများ ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ယခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၆ စီး၊ သွင်းကုန် ၄၀၅ စီး ကုန်စည်များသယ်ယူပို့ဆောင် လျက်ရှိသည်။

**(သတင်းစဉ်)**

# သီပေါ ချောင်းသာဟု ခေါ်တွင်သော ဒုဋ္ဌဝတီကမ်းခြေ၌ ရေကစားအပန်းဖြေသူများဖြင့် စည်ကား

**သီပေါ ဧပြီ ၁၆**

ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်း၌ သီပေါမြို့နယ်တွင် သင်္ကြန် မိုးရွာသွန်းခဲ့သဖြင့် ရေပက်ခံများကျဲပါး သွားသော်လည်း သီပေါ ဒုဋ္ဌဝတီမြစ်ကူး တံတားကြီးမြောက်ဘက်ရှိ ရေလယ်ကျွန်း (သီပေါချောင်းသာဟု အမည်တွင် သည့်)တွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားသူများဖြင့် စည်ကား လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ နမ္မချောင်း၊ နမ့်တေ ချောင်းနှင့် နမ့်ရောင်ချောင်းတို့ ပေါင်းဆုံပြီး ဒုဋ္ဌဝတီဖြစ်ပေါ်လာသည့် ချောင်းဆုံ (ဒုတိယချောင်းသာ) သို့ လည်း ယခင်ကသစ်လုံးထွင်းလောင်း လှေများအသုံးပြုခဲ့ရာမှ နိုင်ငံခြားသား များအပါအဝင် အပန်းဖြေသူများမှာ စက်တပ်မော်တော်များကို အသုံးပြု လာကြသည်။



ချောင်းဆုံ(ခေါ်) သီပေါချောင်းသာ ကမ်းခြေသည် သီပေါမြို့ ဒုဋ္ဌဝတီ ဈေးရပ် မော်တော်ကမ်းခြေမှ မြောက် ဘက်သို့ ကိုးမိုင်အကွာရှိ ကျောင်းပြိန်း၊ ဆိုင်းခေါင်၊ ဟာလင့်စသည့်ရွာများကို ဖြတ်သန်းရင်း သန့်ရှင်းလတ်ဆတ်သည့် လေနု၊ လေအေးများကိုရှုရှိုက်ရသည့် အပြင် စရိတ်စကလည်း ကျဉ်းမြောင်း၍ ပြည်တွင်းပြည်ပခရီးသွားများ နှစ်ခြိုက် ကာ လွန်ခဲ့သော သုံးနှစ်ခန့်မှစပြီး လူသိ များ ထင်ရှားလာကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တနင်္သာရီမြို့၌ ရပ်ကွက်/ကျေးရွာအလိုက် သင်္ကြန်ယိမ်းအကအဖွဲ့များ ယှဉ်ပြိုင်မှု ဆုချီးမြှင့်

**တနင်္သာရီ ဧပြီ ၁၆**

တနင်္သာရီမြို့နယ်၌ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရပ်ကွက်/ ကျေးရွာအသီးသီးမှ သင်္ကြန်ယိမ်းအကအဖွဲ့များက အဖွဲ့လိုက် အကပြိုင်ခြင်း ယှဉ်ပြိုင်ပွဲ ကို မြို့နယ်မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီမှဦးစီးလျက် သင်္ကြန်အကြိုနေ့မှ စ၍ သင်္ကြန်အကြတ်နေ့အထိ တနင်္သာရီမြို့မဟာသင်္ကြန်ဇာတိမဏ္ဍပ်၌ ယိမ်းအဖွဲ့တစ်ဖွဲ့ လျှင် ၁၆ ဦးပါဝင်သော ယိမ်းအဖွဲ့ ၁၃ ဖွဲ့တို့က စည်ကားပျော်ရွှင်စွာ အကအလှုပြိုင်ပွဲ များ ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း၊ မြို့နယ် သင်္ကြန်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ရပ်ကွက်/ကျေးရွာ အသီးသီးမှ သင်္ကြန်ချစ်သူ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ဦးစီးကော်မတီ၏ အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်းနှင့် တတိယဆုငွေကျပ် လေးသိန်းနှင့်အတူ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား နှစ်သိမ့်ဆုများကို သင်္ကြန်အတက်နေ့ ည ၇နာရီ၌ ချီးမြှင့်ပေးကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြိတ်မြို့၌ ရေပက်ခံယာဉ်များအား အန္တရာယ်ဖြစ်စေမည့်ပစ္စည်းများ ပိတ်ဆို့ရှာဖွေစစ်ဆေး

**မြိတ် ဧပြီ ၁၆**

မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူ တောင်ကျေးရွာ လမ်းဆုံ၌ ဧပြီ ၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဖြတ်သန်းသွားလာနေသည့် ရေပက်ခံထွက်သည့် ယာဉ်များအား ရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၆၇ ဦးတို့သည် ရေပက်ခံထွက် မော်တော်ဆိုင်ကယ် ၁၈၅ စီး၊ မော်တော်ကား အစီး ၆၀၊ ဘေးတွဲဆိုင်ကယ် ၁၀ စီးတို့ထံမှ လူကိုအန္တရာယ်ဖြစ်စေနိုင်သော သစ်သားပုဆိန် ငါးချောင်း၊ သစ်သားဓားသုံးချောင်း၊ သစ်သားတူ တစ်ချောင်း၊ ကတ်ကြေးတစ်ချောင်း၊ သံလက်သီးနှစ်ခု၊ လေးခွနှစ်လက်၊ သံဆူးချွန်နှစ်ခု၊ ကော်မျက်နှာဖုံး ၃၂ ခုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား ပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ငါးစီးဖြင့် သင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့တွင်းသို့ လှည့်လည်၍ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၌ သင်္ကြန်အကြတ်နေ့တွင် ခြောက်ဦးသေဆုံး၊ ၇၀ ကျော် ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၆**

သင်္ကြန်ကာလအတွင်း အပျော်လွန်ခြင်းကြောင့် ယာဉ်မတော်တဆမှု၊ ဆိုင်ကယ်မတော်တဆမှုနှင့် အခြားယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်း၊ ပြည်သူများ အပျော်ကြူးနေသည်ကို အခွင့်ကောင်းယူ၍ ပြစ်မှုများကျူးလွန်ခြင်း စသည်ဖြင့် မဟာသင်္ကြန်နှင့်ပတ်သက်၍ မှုခင်းများဖြစ်ပွားလျက်ရှိရာ သင်္ကြန်အကြတ်နေ့တွင် မုဒိမ်းမှုတစ်မှု၊ ခိုးမှုတစ်မှု၊ ယာဉ်မတော်တဆမှု ၁၃ မှုမှ သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရရှိသူ ၃၇ ဦးရှိခဲ့သည်။ နာကျင်စေမှု ၁၉ မှုမှ ဒဏ်ရာ ရရှိသူ ၁၉ ဦး ရှိခဲ့သည်။ အခြားအမှုများ သုံးမှုမှ ဒဏ်ရာရရှိသူ တစ်ဦးရှိခဲ့သည်။

ထို့အပြင်သင်္ကြန်အကြတ်နေ့တွင် လက်နက်မှု ရှစ်မှု၊ ယစ်မျိုးဖမ်းဆီးမှု သုံးမှု၊ ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ မသက်ာမှု ၁၉ မှု၊ ရဲအက် တစ်မှု၊ သေမှုသေခင်း လေးမှု ဖြစ်ပွားခဲ့ရာ သင်္ကြန်အကြတ်နေ့တွင် အမှုပေါင်း ၇၂ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ခြောက်ဦး၊ ဒဏ်ရာရရှိသူ ၇၄ ဦး ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အကြိုနေ့အကြို၊ အကျ၊ အကြတ် သုံးရက်အတွင်း ပြစ်မှုပေါင်း ၁၄၇ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄ ဦးနှင့် ဒဏ်ရာရရှိသူ ၁၅၂ ဦး ရှိခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ဖန်းမောက်မြို့နယ်၌ ဇလုံတောင် ဘုရားဖူးယာဉ် တိမ်းမှောက်

**ဖန်းမောက် ဧပြီ ၁၆**

ဖန်းမောက်မြို့နယ် ဇလုံတောင် ဘုရားဖူးယာဉ်တစ်စီး တောင်တက်ကားလိုင်းအသင်းမှ လူ ၁၁ ဦး လိုက်ပါလာသော SGG 1H/---- ဘုရားဖူးယာဉ်တစ်စီးသည် ၈ မိုင် ၇ ဖာလုံ ကျောက်မဏ္ဍပ်အနီး တောင်တက်၌ နောက်ပြန်လိမ့်ကာ ချောက်ထဲသို့ လျှောကျခဲ့မှု ဧပြီ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ထို့နောက် ယာဉ်ပေါ်ပါ ဘုရားဖူးခရီးသည်များမှာ ဒဏ်ရာများရရှိကြ၍ ဖန်းမောက်ဆေးရုံတွင် ဆေးဝါးကုသမှုများခံယူနေကြောင်းနှင့် ကသာမြို့နယ်နေသူများဖြစ်သည့် ကိုအောင်မြိုင်ထွန်း ၊ ကိုထွန်းမင်းဦး ၊ကိုအောင်ကျော်ငြိမ်းနှင့် ကျောက်မဲမြို့နေသူ ယာဉ်မောင်း ကိုအောင်မြင့်လွင် (၂၈ နှစ်)တို့အား ဖန်းမောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေပြီး ကျန်လေးဦးမှာ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် စင်ပြိုကျမှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်စင်ပြိုကျမှုဖြစ်ပွားကြောင်း သိရသည်။

ဧပြီ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်က ရပ်ကွက်ပေါင်းစုံ မြို့မိမြို့ဖ များစုပေါင်း၍ ပြုလုပ်သော ပိတောက်ရွှေဝါဖူး ရေပက်ခြင်းနှင့် ညှို့ခံဖျော်ဖြေရေး ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကမယ်လေးများအဖွဲ့က ယိမ်းအက ယှဉ်ပြိုင်ကပြဖျော်ဖြေနေစဉ် လာရောက်ကြည့်ရှုကြသည့် ညှို့ပရိသတ်များက ဗဟိုမဏ္ဍပ်စင်ပေါ်သို့ တက်ရောက်အားပေးရာ မဏ္ဍပ်အတွင်းညာဘက်ခြမ်း၌ အနည်းငယ်ပြိုကျမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရမှု အနည်းငယ်ဖြစ်ပွားကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

## ကန်တော်ကြီးမျှော်စင်ကျွန်း သင်္ကြန်မဏ္ဍပ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၆**

မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်တော်ကြီး မျှော်စင်ကျွန်းအဝင်ပေါက် BARRACK DJ မဏ္ဍပ်ရှေ့တွင် အောင်ဖြိုးမင်းကိုရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီအိတ်ကပ်အတွင်းမှ Ecstasy(ခေါင်းခါဆေး) ဆေးပြား ၂၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဧပြီ ၁၄ ရက်က ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)မှ တပ်မတော်သားများ၊ လောက်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ရွှေဆင်ရပ် လောက်ကိုင်-မူကွာကျိုင်းသွား ကားလမ်းပေါ်၌ ကောက်ရှန်းချန် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လေပြင်းတိုက်၍ သစ်ပင်လဲကျပြီး လူတစ်ဦးသေဆုံး

**ဟင်္သာတ ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ဧပြီ ၁၆ ရက် ည ၇ နာရီခန့်က ပဲကြီးကျွန်းကျေးရွာအုပ်စု ဥယျာဉ်စုကျေးရွာ၌ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး ပြိုကျပြီး နေအိမ်လေးလုံးနှင့် ဝိဇိတာရာမဘုန်းတော်ကြီးကျောင်းမှ ဓမ္မာရုံတစ်ဆောင် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပေါ် ကုက္ကိုပင်လဲကျ၍ ပိမိပြီး ဦးသန်းရင်(၆၀ နှစ်ခန့်)သည် သေဆုံးသွားကြောင်း ကနဦး သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားသူများ အန္တရာယ်ရှိစေမည့် ပစ္စည်းများအား သိမ်းဆည်း

**နေပြည်တော် ဧပြီ ၁၆**

မဟာသင်္ကြန်ကာလအတွင်း ရေကစားသူများ ဘေးအန္တရာယ်ကင်း၍ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ရေကစားသူများနှင့် ယာဉ်များအား ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၅ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့တော်ခန်းမ ငလိုက်ချောင်းတံတားအနီး ရေပန်းဥယျာဉ်ရှေ့နှင့် ပုဗ္ဗသီရိမြို့နယ် သံလွင်လမ်းမပေါ်တို့၌ ရေပက်ခံထွက်လာသည့် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များပေါ်မှ ကျောက်လှည့် အချောင်း ၁၄၀၊ ခဲတံချွန်ဓား သုံးချောင်း၊ ကတ်ကြေး ၁၁ လက်၊ ဝါးတုတ် ၂၈ ချောင်း၊ သံပိုက်လုံး ၃၀၊ သစ်သားတုတ် ၁၇ ချောင်း၊ ပလာယာခြောက်ခု၊ ခွကိုးချောင်း၊ လေးခွတစ်လက်၊ ပုလင်းခွံ ၇၀၅ လုံး၊ မျက်နှာဖုံး ၅၃ ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့က ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့ရှိ တံတားများ၊ မြို့ဝင်၊ မြို့ထွက်ဂိတ်များ၊ လမ်းဆုံများ၌ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ရေကစားသူများနှင့် ယာဉ်များအား ရှာဖွေစစ်ဆေးခဲ့ရာ ကျောက်လှည့် ၃၉၃ ချောင်း၊ ဓားဦးချွန် ၃၁ ချောင်း၊ မောင်းချဓား ၁၆ ချောင်း၊ ဝါးတုတ် ၂၂ ချောင်း၊ လေခွ ၂၈ လက်၊ သံပိုက်လုံး ၁၃ ချောင်း၊ သံလက်သီး ၁၀ ခု၊ ချိန်းကြိုး ၂၅ ခု၊ ကတ်ကြေး အလက် ၂၀၊ အိတ်ဇောပိုက် ၁၇ ခု၊ သံဆူးချွန် နှစ်ချောင်း၊ သစ်သားအလုပြဓား နှစ်ချောင်းနှင့် မျက်နှာဖုံး ၄၆၈ ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**



## ဘားအံတက္ကသိုလ်ရှေ့၌ ဆိုင်ကယ်နှစ်စီး အရှိန်လွန်တိုက်မိ သုံးဦးဒဏ်ရာများရရှိ

**ဘားအံ ဧပြီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ဗိုလ်ချုပ်လမ်း ဘားအံတက္ကသိုလ်ရှေ့၌ အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ်တစ်စီးမှ တစ်ဖက်ယာဉ်ကြောသို့ရောက်သွားကာ ဆိုင်ကယ်တစ်စီးကိုတိုက်မိ၍ ဒဏ်ရာများရရှိခဲ့သဖြင့် မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ရက် ည ၉ နာရီခန့်က ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း ဘားအံတက္ကသိုလ်ရှေ့၌ ဗိုလ်ချုပ်လမ်းအတိုင်း မဲဘောင်မီးပွိုင့်ဘက်မှ စောစိုးမိုးအောင် (၃၂နှစ်)ကမ်းနားလမ်း အမှတ်(၄)ရပ်ကွက် ဘားအံမြို့နေသူ မောင်းနှင်လာသော UMI အမျိုးအစားဆိုင်ကယ်သည် ဘားအံတက္ကသိုလ် အပေါက်ရှေ့အရောက် အရှိန်မထိန်းနိုင်သဖြင့် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ ဗိုလ်ချုပ်လမ်းအတိုင်း ဘားအံမြို့ထဲဘက်မှ ချစ်မိုးဝေ(၂၀ နှစ်) သီရိရတနာ(၃)လမ်း အမှတ်(၅)ရပ်ကွက် ဘားအံမြို့နေသူမောင်းနှင်ပြီး နောက်မှအစ်မဖြစ်သူ မမြင့်ဌေး(၃၈ နှစ်)လိုက်ပါလာသည့် ၄ဘယ/----ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် ချစ်မိုးဝေ၊ မမြင့်ဌေးနှင့် စောစိုးမိုးအောင်တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ၎င်းတို့ကို ဘားအံဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပေးပို့ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ စောစိုးမိုးအောင်အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**



**ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ ရေရှားပါးမှုကြုံတွေ့နေရသော လယ်ကျိုးကျေးရွာ ပြည်သူများအတွက် သောက်သုံးရေများကို မြို့မရဲစခန်းမှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ မေ ၁၄ ရက်က သွားရောက်လှူဒါန်းစဉ်။** (ရေလှူဒါန်းရာတွင် ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် နှစ်ခေါက် ဂါလန် ၃၂၀၀ ကို ကျေးရွာနေပြည်သူများထံ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။)
**(မြို့နယ် ပြန်/ဆက်)**

# ပထမအကြိမ် အခမဲ့ အခြေခံကွန်ပျူတာသင်တန်း ပခုက္ကူမြို့နယ်အတွင်းဖွင့်လှစ်

**ပခုက္ကူ မေ ၁၆**
နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးများ ကွန်ပျူတာပညာ အခြေခံကို သိရှိနားလည်စေရန်အတွက် ပထမအကြိမ် အခမဲ့ အခြေခံကွန်ပျူတာသင်တန်းကို ပခုက္ကူမြို့နယ် ဖောင်ကွဲကျေးရွာ မူလတန်းလွန်ကျောင်း၌ မေ ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် ရန်ကုန်နှင့် အခြားမြို့များတွင် ရွှေ့ပြောင်းအလုပ်လုပ်နေကြသော ဖောင်ကွဲကျေးရွာဇာတိ ပြည်သူများ စုပေါင်း၍ ကွန်ပျူတာအပါအဝင် ဆက်စပ်ပစ္စည်းများဝယ်ယူ၍ ယခုနှစ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးခြင်းဖြစ်ကာ ရေရှည်သင်ယူနိုင်ရန်အတွက် ယခုသင်တန်းပြီးပါက ကျေးရွာမူလတန်းလွန်ကျောင်းသို့ လှူဒါန်းခဲ့မည်ဖြစ်ကြောင်း သိရသည်။



"ကျောင်းဖွင့်ချိန်မှာ ဆရာမတွေနဲ့ ရွာက သင်တန်းပေးနိုင်တဲ့ လုပ်အားပေးများနဲ့ အချိန်ရရင်ရသလို သင်မယ်၊ ကျွန်တော်တို့တုန်းက ကွန်ပျူတာကို အထက်တန်းအဆင့်မှာကို မမြင်ဖူးဘူး။ ရွာက ကလေးတွေ သင်ခွင့်ရအောင်စီစဉ်ပေးနိုင်လို့ ဝမ်းသာပါတယ်"ဟု သင်တန်းဖွင့်လှစ်နိုင်ရန် ပါဝင်ဆောင်ရွက်ခဲ့သော E-Service ကုမ္ပဏီ ကွန်ပျူတာဌာနတွင် တာဝန်ထမ်းဆောင်နေသူ ကိုစိုးဝင်းက ပြောသည်။

ယခု ပထမအကြိမ်သင်တန်းတွင် ကွန်ပျူတာငါးလုံးဖြင့် စတင်သင်ကြားနေပြီး နောက်ပိုင်းတွင် ကွန်ပျူတာများ ထပ်မံဖြည့်တင်းနိုင်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ သင်တန်းကို နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျေးရွာရှိ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား ကျောင်းသူများအား အလှည့်ကျ သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းဖွင့်လျှင်လည်း ဆက်လက်သင်ကြားပေးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကိုဇော်(ခတု)**

## မှုခင်းသတင်းတိုများ

### ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း မိတ္ထီလာ-မြင်းခြံလမ်းပေါ်၌ မေ ၁၄ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ မလှိုင်ဘက်သို့ လွင်မိုးအောင်စီးလာသော ဆိုင်ကယ်နှင့် မိတ္ထီလာဘက်သို့ အောင်ကျော်ကျော် စီးနင်းလာသော ဆိုင်ကယ်တို့ လမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် လွင်မိုးအောင်မှာ ဒဏ်ရာများရရှိပြီး မလှိုင်ဆေးရုံ၌ ကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကာ အောင်ကျော်ကျော်မှာလည်း ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူနှစ်ဦးစလုံးအား မလှိုင်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
(ဝ၆၉)

### ကားနှင့်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ တပင်ရွှေထီးလမ်းပေါ်၌ မေ ၁၄ ရက်က ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားပြီး ဆိုင်ကယ်မောင်းသူ သေဆုံးသွားခဲ့ကြောင်းသိရသည်။ ကျွန်းလှမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးချက်အရ မြင့်လွင်မောင်းနှင်လာသော GMC ခြောက်ဘီးယာဉ်နှင့် ဇင်သူအောင်မောင်းနှင်ပြီးနောက်မှ စိန်ဌေး လိုက်ပါလာသော ဆိုင်ကယ်တို့ တိုက်မိကာ ဇင်သူအောင်မှာ ကားဖြင့်ကြိတ်မိ၍ ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ခြောက်ဘီးယာဉ်မောင်း မြင့်လွင်အား ကျွန်းလှမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
**မျိုးဝင်းညို(ကျွန်းလှ)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာချောင်းကူးကြိုးတံတား တည်ဆောက်ပြီးစီး

**ကျောက်ထု မေ ၁၆**
မကွေးတိုင်းဒေသကြီး ဆောမြို့နယ် မင်းကြည့်ကျေးရွာအုပ်စု၌ ချီချောင်းကူးကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မင်းကြည့်ကျေးရွာအုပ်စု ကျောင်းထိုင်ဆရာတော်ကြီးကြပ်၍ တံတားတည်ဆောက်ရေးကော်မတီဝင်များနှင့် ကျေးရွာလူထုများ စုပေါင်းပြီး ဧပြီ ၆ ရက်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ မေ ၁၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။



အရှည်ပေ ၄၅၀၊ အကျယ် ၅ ပေနှင့် အမြင့် ၂၉ ပေရှိ ကြိုးတံတားကို သံချည်သံကွေး ကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ကျေးရွာလူထု ထည့်ဝင်ငွေ ကျပ်သိန်း ၂၀၀ နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ စုစုပေါင်း ကျပ်သိန်း ၃၀၀ ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ချီချောင်းကို ယခင်က တံတားငယ်တစ်စင်းဖြင့် ဖြတ်ကူးသွားလာခဲ့သော်လည်း နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးပါက တံတားမှာ မျောပါပျက်စီးသဖြင့် ယခု ကွန်ကရစ်တိုင်ဖြင့် တံတားရှည်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကာ တံတားတည်ဆောက်ပြီးစီးသည့်အတွက် ကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကို လွယ်ကူစေမည်ဖြစ်ကြောင်း မင်းကြည့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ပြောကြားသည်။
**ဟုန်းမာန်(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများအား သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မေ ၁၆**
ညောင်ဦးမြို့နယ် လက်ပံပင်တဲတိုက်မှ ကျေးလက်နေပြည်သူများအနေဖြင့် နွေရာသီကာလ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရ ဦးစီး တည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေအလှူတော် အသင်းအဖွဲ့သားများက ရေသယ်ယာဉ်များဖြင့် ရေဂါလန် ၂၅၀၀ ကို မေ ၁၃ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

လက်ပံပင်တဲတိုက်နေ ပြည်သူများအား ရေဂါလန် ၂၅၀၀ ကို ခွဲဝေလှူဒါန်းပေးခဲ့ရာတွင် ဒေသခံများ၏ သောက်သုံးရေရှားပါးမှု အခက်အခဲကို ယာယီပြေလျော့သက်သာစေသော်လည်း အဆိုပါဒေသနေ ပြည်သူများအတွက် ရေရှည်အားဖြင့် သောက်သုံးရေများ ဆက်လက်လိုအပ်လျက်ရှိကာ ရေကုသိုလ်ရှင်များအား မျှော်လင့်လျက်ရှိနေကြကြောင်း သိရသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**



# ကျမ်းကျိန်လွှာအတုများဖြင့် ဘဏ်နှစ်ဘဏ်မှ ချေးငွေထုတ်ယူခဲ့သော လင်မယားကို အမှုဖွင့်

**ပခုက္ကူ မေ ၁၆**
ပခုက္ကူမြို့ရှိ အသေးစားနှင့် အလတ်စား စက်မှုဖွံ့ဖြိုးရေးဘဏ်(ပခုက္ကူဘဏ်ခွဲ)၌ တရားရုံးကျမ်းကျိန်လွှာအတုများဖြင့် ဘဏ်ချေးငွေထုတ်ယူခဲ့သော မကွေးမြို့နေ လင်မယား နှစ်ဦးအား ဘဏ်ခွဲ လက်ထောက်အထွေထွေမန်နေဂျာက မေ ၁၁ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

မကွေးမြို့ ရန်နိုင်ရပ်ကွက်နေ ဦး----နှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် ၂၀၁၄ ခုနှစ်အတွင်းက အပေါင်ပစ္စည်းအဖြစ် မကွေးမြို့မြင်သာရပ်ကွက်မှ အကျယ် ၀ ဒသမ ၀၆ ဧကရှိနှစ် ၃၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနှစ်ထပ်အဆောက်အအုံတစ်လုံး၊ အောင်မေတ္တာ(ဂ)ရပ်ကွက်မှ အကျယ် ၀ ဒသမ ၀၉၇ ဧကရှိ နှစ် ၃၀ ဂရန်မြေတစ်ကွက်နှင့် ၀ ဒသမ ၀၆ ဧကရှိ နှစ် ၃၀ ဂရန်မြေတစ်ကွက်တို့ကို ပိုင်ဆိုင်မှုစာချုပ်စာတမ်းအဖြစ် တင်သွင်းပြီး မည်သည့်ဘဏ်တွင်မှ ပေါင်နှံခြင်း၊ ချေးငှားထားခြင်း မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာများနှင့်အတူ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ကျပ်သိန်းပေါင်း ၂၇၀၀ ကို ချေးယူခဲ့ပြီး ထိုစာချုပ်စာတမ်းများဖြင့် ကမ္ဘောဇရတနာဘဏ်(မကွေးဘဏ်ခွဲ)မှလည်း ငွေများထပ်မံချေးယူခဲ့ခြင်းဖြစ်၍ ကမ္ဘောဇရတနာဘဏ်(မကွေးဘဏ်ခွဲ)ကလည်း တရားစွဲဆိုထားကြောင်း သိရသည်။

ဘဏ် နှစ်ဘဏ်စလုံးတွင် ထပ်တူထပ်မျှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများမှာ မူရင်းနှစ်ခုဖြစ်နေခြင်း၊ အခြား မည်သည့်ဘဏ်တွင်မှ ပေါင်နှံမှုမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တို့တွင် ကျမ်းကျိန်ခဲ့သည့် တရားရုံးကျမ်းကျိန်လွှာများမှာ အတုများ ဖြစ်နေခဲ့ခြင်းတို့ကြောင့် ချေးငွေများပြန်လည်ရရှိရေးအတွက် တရားစွဲဆိုခြင်းဖြစ်ကြောင်း အသေးစားနှင့် အလတ်စား စက်မှုဖွံ့ဖြိုးရေးဘဏ်(ပခုက္ကူဘဏ်ခွဲ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဆန်း၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မရိုးမဖြောင့်သောသဘောဖြင့် ချေးငွေများထုတ်ယူသွားသူများအား မကွေးမြို့မရဲစခန်းက မေ ၁၁ ရက်တွင် အမှုဖွင့်ထားကြောင်း သိရသည်။
**ကျော်ဇေယျ**

# မီးဘေးကာကွယ်ရေး ပညာပေးမှုများ အရှိန်မြှင့်ဆောင်ရွက်နေ

**နွားထိုးကြီး မေ ၁၆**
နွားထိုးကြီးမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် တနင်္ဂနွေနေ့တိုင်း မီးသတိပြုရေး ပညာပေးနှိုးဆော်မှုများကို မြို့နယ်မီးသတ်စခန်းအနေဖြင့် အရှိန်မြှင့်ဆောင်ရွက်ပေးနေကြောင်း မီးသတ်စခန်းမှူး ဦးကျော်ဇင်လင်းက ပြောသည်။

နွားထိုးကြီးမြို့နယ်တွင် ယခုနှစ် နွေဦးပေါက်ကာလအတွင်း ကျေးရွာသုံးရွာ၌ မီးလောင်မှုဖြစ်ခဲ့ပြီး အိမ်ခြေငါးလုံး မီးလောင်ဆုံးရှုံးခဲ့၍ မြို့ရွာနယ်ပါ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိပြုရေးနှင့် မီးကို ရိုသေစွာသုံးစွဲကြရန်တို့ကို ပညာပေးနေရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နွားထိုးကြီးမြို့နယ်တွင် မီးသတ်စခန်းများအနေဖြင့် နွားထိုးကြီးမီးသတ်စခန်း၊ ပြင်စည်မီးသတ်စခန်းနှင့် ပြင်စည်အမြန်လမ်း မီးသတ်စခန်းများရှိပြီး မီးသတ်ကားရှစ်စီးနှင့် မီးငြိမ်းသတ်ရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။
**ခင်ဇာမွန်မြင့်(ဥပဒေ)**

# လူထုဗဟိုပြု စီမံကိန်းရေးဆွဲရေး ညှိနှိုင်းဆွေးနွေး

**မိုးကောင်း မေ ၁၆**
ကမ္ဘာ့ဘဏ်၏ထောက်ပံ့ကူညီမှုဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက်က မိုးကောင်းမြို့ မြို့ဦးရပ်ကွက်ရှိ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပသည်။ အစည်းအဝေးတွင် ကော်မတီဝင်များက မြို့နယ်လူထုဗဟိုပြုစီမံကိန်း ပထမနှစ် စက်ဝန်းအတွင်း ကျေးရွာအုပ်စု ၁၃ အုပ်စု၌ ဆောင်ရွက်မည့် လုပ်ငန်းခွဲ ၄၈ ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ကြကြောင်း သိရသည်။ **ဝင်းအောင်**

# မြိတ်မြို့သင်္ကြန်ပွဲတော်တွင် ရေကစားသူများ၊ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မြိတ် ဧပြီ ၁၆**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရေကစားသူများ၊ ကုသိုလ်ပြုသူများနှင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားခဲ့ကာ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကလည်း ပြည်သူများ ပွဲတော်ရက်အတွင်း ဘေးကင်းရေးအတွက် လုံခြုံရေးနှင့် ယာဉ်ကြောရှင်းလင်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သင်္ကြန်အကြတ်နေ့ မနက်ပိုင်းမှစ၍ ဒုလ္လဘရဟန်းများအား ဆွမ်းဆန်များလောင်းလှူ ကုသိုလ်ယူသူများဖြင့် စည်ကားခဲ့သလို မော်တော်ယာဉ်များဖြင့် မြို့တွင်းလှည့်လည် ရေပက်ခံသူများ၊ လမ်းဘေးဝဲယာတွင် ရေကစားမဏ္ဍပ်ငယ်များဖြင့် မိသားစုအလိုက် ရေကစားသူများ၊ အတာသင်္ကြန် ဖျော်ဖြေရေးမဏ္ဍပ်များတွင် သင်္ကြန်တေးသီချင်းများ သီဆိုဖျော်ဖြေနေမှုနှင့် သင်္ကြန်အကအလှများ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသူများ၊ ယာယီဖွင့်လှစ်သော စားသောက်ဖွယ်ရာ အရောင်းဆိုင်ငယ်များဖြင့် အထူးစည်ကားခဲ့သည်။

ပြည်သူများ ဘေးကင်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးလုပ်ငန်းများကြပ်မတ်ဆောင်ရွက်ပေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ကြောရှင်းပေးခြင်း၊ တစ်လမ်းမောင်းစနစ်များဖြင့် လမ်းလွှဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်၊ ပရဟိတအသင်းများကလည်း တစ်စုံတစ်ရာထိခိုက် ဒဏ်ရာရရှိသူများအား အချိန်မီ ကူညီကယ်ဆယ်နိုင်ရန် ကျန်းမာရေး အထောက်အကူပြုယာဉ်များဖြင့် မြို့တွင်းလှည့်လည်ကာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# အိမ်မဲမြို့နယ်တွင် သင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ



**အိမ်မဲ ဧပြီ ၁၆**
မြန်မာ့နှစ်သစ်ကူး ရိုးရာသင်္ကြန်ပွဲကို မြို့တိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင်လည်း သင်္ကြန်အကြိုနေ့မှစ၍ မြို့နယ်အတွင်းရှိရေကစားမဏ္ဍပ်များတွင် ပြည်သူများ အေးချမ်းစွာ ရေကစား၍ နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များ လမ်းများတွင် မဏ္ဍပ်များ ဆောက်လုပ်ကြပြီး ရပ်ကွက်ကျေးရွာများမှ ရေပက်ခံကြသူများဖြင့် စည်ကားခဲ့သလို စတုဒိသာ အကျွေးအမွေးများဖြင့်လည်း သင်္ကြန်ရက်တိုင်း ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ ထို့အတူ အိမ်မဲမြို့၏ သမိုင်းဝင် ရှင်ပင်ချမ်းသာဘုရားကြီး၊ ပြည်ကြီးချမ်းသာဘုရားနှင့် ရွှေဘုံသာဘုရားများတွင်လည်း ဘုရားဖူးများဖြင့် စည်ကားခဲ့ကြောင်းနှင့် တရားစခန်းများဖြစ်သည့် မဟာစည်တရားစခန်း၊ မိုးကုတ်ဝိပဿနာတရားစခန်း၊ သဲအင်းဂူတရားစခန်းများတွင်လည်း မဟာသင်္ကြန်ကာလအတွင်း တရားဓမ္မအားထုတ်လိုသူများက အေးချမ်းစွာ တရားအားထုတ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

# ထားဝယ်မြို့သင်္ကြန်ပွဲတော်တွင် ပြည်သူများ စည်ကားစွာ ပါဝင်ဆင်နွှဲခဲ့



**ထားဝယ် ဧပြီ ၁၆**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဒေသတွင်းမှ ပြည်သူများပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သင်္ကြန်အကျနေ့မှစ၍ တိုင်းဒေသကြီးအစိုးရက ကြီးမှူးကျင်းပသည့် ဌာနဆိုင်ရာသင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ စတိတ်ရှိုးကလျာများဖြင့် ဧည့်ခံဖျော်ဖြေမှုများအပြင် အအေး၊ ဖျော်ရည်များ တိုက်ခြင်း၊ စတုဒိသာများ ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ခဲ့သလို ထားဝယ်မြို့ပေါ်ရပ်ကွက်တိုင်း၌လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက် လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြကာ စတုဒိသာ ကျွေးမွေးဧည့်ခံမှုများ၊ ရေကစားမဏ္ဍပ်အလိုက် ကုသိုလ်ဒါနပြုခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။

ထားဝယ်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများကလည်း မဏ္ဍပ်များမှ ဖျော်ဖြေရေးအစီအစဉ်များကို လာရောက်ကြည့်ရှုခြင်း၊ မြို့ပေါ်ရပ်ကွက်များမှ မဏ္ဍပ်များသို့ ရေပက်ခံထွက်ခြင်းများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်ကို တွေ့ရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေရှားပါးနေသည့်ကျေးရွာသို့ သောက်ရေသန့်များလှူဒါန်း

**သထုံ ဧပြီ ၁၆**
မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ရေရှားပါးနေသည့် အလုပ်ကျေးရွာအုပ်စုတွင်းမှ ကျေးရွာများသို့ သောက်သုံးရေများကို ခရိုင်ရဲတပ်ဖွဲ့နှင့် အနှိုင်းမဲ့မေတ္တာသွေးအလှူရှင်(တုနှိုင်းမဲ့ ရေကုသိုလ်)အဖွဲ့တို့ ပူးပေါင်း၍ ယာဉ် ၁၄ စီးဖြင့် ဧပြီ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးနန္ဒဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအေးဆွေနှင့် တပ်ဖွဲ့ဝင်များ၊ သထုံမြို့ရှိ အနှိုင်းမဲ့မေတ္တာသွေးအလှူရှင်(တုနှိုင်းမဲ့ ရေကုသိုလ်) ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း ဦးဆောင်သည့် အဖွဲ့များက ကျေးရွာများသို့ ယာဉ် ၁၄ စီးဖြင့် သွားရောက်၍ သောက်ရေသန့် ဘူးကြီး ၄၀၀၊ သုံးရေ ဂါလန် ၂၈၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စုအတွင်း ဧပြီလဆန်းပိုင်းမှစတင်၍ သောက်သုံးရေကန်များ ရေခန်းခြောက်ပြီး ရေတုံကင်များမှထွက်ရှိသောရေများသည်လည်း ထုံးခါတ်များသည့်အတွက် သုံးရေအဖြစ်သာ အသုံးပြုနိုင်သောကြောင့် သောက်ရေအခက်အခဲ ကြုံတွေ့နေရ၍ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**



# သင်္ကြန်ရက်အတွင်း မှုခင်းများမဖြစ်ပေါ်စေရေး ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့



**ပွင့်ဖြူ ဧပြီ ၁၆**
ပွင့်ဖြူမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်ဘေးကင်းစွာ ရေကစားနိုင်ရန်နှင့် မှုခင်းများ မဖြစ်ပွားစေရေးအတွက် လူစည်ကားရာနေရာများတွင် ရှာဖွေစစ်ဆေးခြင်းများကို ပွင့်ဖြူမြို့မရဲစခန်းမှူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့မရဲစခန်းမှူး ဒုရဲမှူးအေးဇော် ဦးစီး၍ မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းသည့်အဖွဲ့များက မင်းဘူး-စလင်း ကားလမ်းမှ လက်ခုပ်ကျေးရွာလမ်းခွဲနှင့် ဥယျာဉ်ကျစ်ကျေးရွာအနီးရှိ ကုန်းဇောင်း-သံကိုင်း လမ်းဆုံတွင်လည်းကောင်း၊ လယ်ကိုင်းကျေးရွာ ရှမ်းတော်ရပ်တွင်လည်းကောင်း၊ ရွာခိုင်ကျေးရွာလမ်းဆုံနှင့် မဲဇလီကြိုးတံတားထိပ်တို့တွင်လည်းကောင်း မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ပိတ်ဆို့ရှာဖွေခဲ့ပြီး ယာဉ်မောင်းသူများအား မဟာသင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းအောင် မောင်းနှင်ကြရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သလို တုတ်၊ ဓားနှင့် အခြား လက်နက်များ ယူဆောင်စီးနင်းမှုမရှိစေရေးအတွက်လည်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးမှုများဆောင်ရွက်

**ရေတာရှည် ဧပြီ ၁၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ သင်္ကြန်ပွဲတော်ကာလအတွင်း တရားမဝင်ကန့်သတ်ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ဆေးဆိုင်များနှင့် အိမ်သုံးဆေးဝါးရောင်းချသည့် ကွမ်းယာဆိုင်များကို သင်္ကြန်ရက်များအတွင်း မြို့အလိုက် ရဲတပ်ဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ညီညီဋ္ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ ဆွာတိုက်နယ်ဆေးရုံမှ တာဝန်ရှိသူများက ဆွာမြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များနှင့် ကွမ်းယာဆိုင်များကိုလည်းကောင်း၊ သာဂရနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်လှိုင်ဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန(ခွဲ)မှ ဝန်ထမ်းများက သာဂရမြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များနှင့် ကွမ်းယာဆိုင်များကိုလည်းကောင်း၊ မြို့လှနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဟန်ဇော်နှင့် မြို့လှတိုက်နယ်ဆေးရုံမှ တာဝန်ရှိသူများက မြို့လှမြို့ပေါ်ရှိ ဆေးဆိုင်များကိုလည်းကောင်း လိင်စိတ်ကြွဆေးများနှင့် စိတ်ကြွဆေးဝါးများ ရောင်းချခြင်း မရှိစေရန် လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဝေါလေ-စုကလိမြို့၌ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

**ဘားအံ ဧပြီ ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ထိုင်း-မြန်မာ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ဝေါလေချောင်းရေထိန်းတမံ နွေစပါးစိုက်ပျိုးနိုင်ရန်၊ ရေရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၁ ရက်က ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဝေါလေ-စုကလိမြို့များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် စုကလိမြို့သည် ယခင်က နယ်မြေမအေးချမ်းသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ခြင်းကြောင့် မြဝတီမြို့နယ်မှ မိုင် ၃၀ ခန့် တစ်နာရီခရီးအား ၂ နာရီကျော် အချိန်ကုန်ခံသွားနေကြရကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် မြဝတီ-ဝေါလေ-စုကလိသွားလမ်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၄ နာရီ မီးရရှိရေးအတွက် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး ပညာရှင်များ ကွင်းဆင်းစစ်ဆေးပြီး မကြာမီ တည်ထောင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ စိုက်ပျိုးရေး ပညာရှင်များနှင့်အတူ စုကလိမြို့မကျေးရွာအုပ်စုရှိ တောင်သူဦးစောထီးငွေ စိုက်ပျိုးထားသော နှစ်နှစ်သက်တမ်းရှိ ဝင်ငွေရပို့ကုန် စပ်မျိုးသဘော်စိုက်ခင်းကို ကြည့်ရှုအားပေးသည်။ အဆိုပါသဘော်စိုက်ခင်းသည် ထိုင်ဝမ်စပ်မျိုး မျိုးစေ့ဖြစ်ပြီး ပင်ကြားတန်းကြား ၁၀ ပေပတ်လည်ဖြင့် တစ်ဧကကို အပင်ရေ ၄၃၅ ပင်ခန့်နှင့် ၁၅ ဧက စိုက်ပျိုးခဲ့ရာ စိုက်ပျိုးစရိတ်ကုန်ကျငွေမှာ တစ်ဧက ၂၅ သိန်းခန့် ရှိသော်လည်း အသီးတစ်လုံးရောင်းရငွေမှာ ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ထိရရှိပြီး အပင်တစ်ပင်မှ ပျမ်းမျှအသီး ၁၀၀ ရရှိ၍ အသားတင်အမြတ်မှာ ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ထိရရှိကြောင်း သိရသည်။

ထိုသို့ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးကဏ္ဍဖြင့်ဒေသအတွင်း ပိုမိုကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ခေတ်မီစိုက်ပျိုးနည်းပညာနှင့်ထိုက်တန်သော ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို ဝင်ရောက်အဆိုပြုတင်ပြနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | မီးစက်<br>Sound Proof (500 KVA)<br>Original Cummins Diesel Engine<br>(Water Cool Type)<br>Original Stamford Dynamo Brushless System<br>100% Copper, A.V.R Type<br>Original A.M.F 20 Inteli Lite Controller System<br>With A.T.S Post System<br>Country of Origin U.S.A<br>Brand New Generator | 1 No |
| ( ခ ) | Water Cooler | 12 Nos |
| ( ဂ ) | Air Con (1.5) HP | 8 Nos |
| ( ဃ) | Computer<br>(ProcessorIntel ® Core™ i7)<br>CPU @ 3.40 GHz, RAM-4.00 GB,<br>System-64bit, DDR - 500 GB,<br>Monitor-20", UPS-S1250P, DVD+ RDL | 30 Sets |
| ( င ) | Laser Jet Printer | 8 Nos |
| ( စ ) | Digital Copier (45 PPM)<br>(600x600 dpi Copy/Scan Resolution)<br>(1200x1200 dpi Printing Resolution) | 10 Nos |
| ( ဆ) | Fax (Processor 365 MB) | 7 Nos |
| ( ဇ ) | Scanner (A4, Flatted scanner) | 2 Nos |
| ( ဈ ) | Wireless Microphone | 3 Nos |
| ( ည) | ဖောက်စက်(လတ်) | 2 Nos |
| ( ဋ ) | ဖောက်စက်(ကြီး) | 3 Nos |
| ( ဌ ) | ချုပ်စက်(ကြီး) | 2 Nos |
| ( ဍ ) | ကွင်းဖောက်စက် | 1No |
| ( ဎ ) | စက္ကူဖြတ်စက် | 1 No |
| ( ဏ) | Cash Counting Machine<br>(1000 Speed-2500 Speed, 29 Kg) DFS-120,<br>Checking Money, Mix Function,<br>DD Function Printer with Slip | 1 No |
| ( တ) | Cash Counting Machine (Desktop Type-<br>1000/1500/200/2400 Notes Per minute) | 9 Nos |
| ( ထ) | အရာထမ်းစာပွဲ(၆ပေ×၄ပေ×၂.၅ပေ) (ကျွန်း) | 7 Nos |
| ( ဒ ) | အရာထမ်းစားပွဲ(၅ပေ×၃ပေ×၂.၅ပေ) (ကျွန်း) | 14 Nos |
| ( ဓ ) | အရာထမ်းထိုင်ခုံ(၁.၈ပေ×၁.၆ပေ×၃.၄ပေ) (ကျွန်း)<br>(လက်တင်ပါ) | 49 Nos |
| ( န ) | အရာထမ်းစားပွဲ(၄ပေ×၂.၅ပေ×၂.၅ပေ) (ကျွန်း) | 27 Nos |
| ( ပ ) | အရာထမ်းထိုင်ခုံ(၁.၆ပေ×၁.၆ပေ×၃ပေ) (ကျွန်း) | 41 Nos |
| ( ဖ ) | စားပွဲ(၁.၈ပေ×၁.၈ပေ×၂.၆ပေ) (ကျွန်း) | 1 No |
| ( ဗ ) | စာအုပ်တင်စင်(၄ဆင့်) (၆ပေ×၁.၅ပေ×၅ပေ) (သံစင်) | 1 No |
| ( ဘ) | ဆက်တီတစ်ယောက်ထိုင်(ဆိုဖာ) | 16 Nos |
| ( မ ) | သံဗီရို(၃ပေ×၁.၅ပေ×၆ပေ) | 30 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၄-၂၀၁၇ ရက်မှ ၁၇-၅-၂၀၁၇ ရက်အထိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ်စဉ်(က)နှင့် အမှတ်စဉ်(စ)တို့အတွက် တင်ဒါပုံစံ တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့်လည်းကောင်း၊ ကျန်အမှတ်စဉ်များအတွက် တင်ဒါပုံစံ တစ်စောင်လျှင် ၂၀၀၀ိ/-နှုန်းဖြင့်လည်းကောင်း သတ်မှတ်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်နေရာ/နေ့ရက်** - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ၁၉-၅-၂၀၁၇ ရက် ၉း၃၀နာရီမှ ၁၂း၀၀နာရီအတွင်း လာရောက်တင်သွင်းရမည်။

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၉-၅-၂၀၁၇ ရက်၊ ၁၄း၀၀နာရီ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၅၈၁၂၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၂)၊ ဦးပိုင်အမှတ်(၇)၊ မဏ္ဍရာ×တပင်ရွှေထီးလမ်း၊ ၆၅လမ်း×၆၆လမ်းကြားရှိ ဦးထွန်းမြင့်နောင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဇော်ဦး ၉/ကဆန(နိုင်) ၁၀၆၂၄၂မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လုစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၅)၊ ဦးပိုင်အမှတ် (၅၉)၊ ၆၉လမ်း×၇၀လမ်းကြား၊ ပျူစောထီးလမ်း×ကျန်စစ်သားလမ်းကြားရှိ တကစိန်လှ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမျိုးကျော်သူ ၉/မနမ(နိုင်)၀၁၁၂၁၉မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ထားဝယ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၃ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဒေါ်တင်ရီ(ခ)ဒေါ်တင်တင်ရီ **နှင့်** ၁။ ဦးစိုးထွေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးခင်အောင်) ၂။ ဒေါ်မိုးသီတာ
**တရားနိုင်** **တရားရှုံးများ**

ထားဝယ်မြို့နယ်၊ ရွာလယ်လမ်း ဇလွန်းကျေးရွာ၊ ထားဝယ်မြို့နေ ဦးစိုးထွေး(ဘ) ဦးဘသီးရွှေနှင့် ဒေါ်မိုးသီတာ(ဘ)ဦးသန်းဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်ရီ(ခ)ဒေါ်တင်တင်ရီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်အောင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဖြိုးမေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ထားဝယ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ အမှတ်(၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၁-ရေခဲစက်)၊ ဦးပိုင်(၇၇)၊ ၀ ဒသမ ၀၃၉ ဧကရှိမြေအား ဦးအေးလွင်၊ ဒေါက်တာသက်သက်အေး အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးအေးလွင်၊ ဒေါက်တာသက်သက်အေးအား မြေငှားဂရန်အသစ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၆၅)၊ ၇၁×၇၂လမ်းကြား၊ မြဝတီမင်းကြီး × မြို့ရိုးလမ်းကြားရှိ ဦးအောင်မောင်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဖြိုး ၅/ဝလန(နိုင်) ၀၄၉၁၁၇ မှ မြေချထားမိန့်မူရင်း၊ မြေဖိုး၊ လမ်းဖိုး၊ ငွေသွင်းပြေစာမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအုန်းဆွေ ISN -၃၉၂၇၅၀၊ ဒေါ်ရီရီညွန့် ISN -၃၉၂၇၅၁၊ ဦးသိန်းဝင်း ၁၂/မဂတ(နိုင်)၀၂၂၁၃၇နှင့်၎င်းတို့နှင့်

## ဆက်နွှယ်ပတ်သက်သူများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးအေးဝင်း ၁၂/မဂတ(နိုင်)၀၂၂၁၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးအေးဝင်းသည် ဒေါ်မြချစ် CF -၀၃၆၆၃၉ တစ်ဦးတည်းအမည်ပေါက်တည်ရှိသော ရန်ကုန်မြို့၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ J၊ မြေကွက် အမှတ် ၇၈၊ မြေဧရိယာ (၃၈ပေ×ပေ ၅၀) (၁၉၀၀ စ/ပေ)၊ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၈ ဟုခေါ်တွင်သော ဟောင်ကောင်ပုံစံ၊ ၃-ခန်းတွဲ၊ ၂-ထပ် တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (အပျောက်စနစ်ဖြင့် တိုက်ခန်းဝယ်ယူကာလက်ရှိထား နေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြသူများ၏ အကျိုးကိုထိခိုက်နစ်နာစေမှုမရှိစေရပါ) (အခန်းလွတ်မပါ) မြေကွက်သက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်မြေပိုင်ရှင် ပိုင်ဆိုင်အကျိုးခံစားခွင့် စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့် အရပ်ရပ်တို့ကို နှစ် ၆၀ မြေငှားဂရန်မူရင်းအပါအဝင် ဆက်စပ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားခဲ့ကြသော လူကြီးမင်းများထံမှ တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူထားပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းစာရွက်စာတမ်းများ လက်ရောက်ရရှိပြီးဖြစ်ကြောင်း ဆက်စပ်စာချုပ်စာတမ်းအထောက်အထားများအရ သိရှိရပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကြီး ချုပ်ဆိုပေးရန်အတွက် လိုအပ်သည်များဆောင်ရွက်ရန် လူကြီးမင်းတို့၏အကူအညီရယူလိုပါသည်။ သို့ပါ၍ ယခု ဤသတင်းစာကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း မြေကွက်နှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆိုနိုင်ရေးအတွက် လိုအပ်သောရုံးကိစ္စရပ်များကို လူကိုယ်တိုင်လိုက်ပါ၍ လက်မှတ်ရေးထိုးကူညီဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားပါသည်။ ထိုသို့သတ်မှတ်ကာလအတွင်း လူကြီးမင်းတို့မှ မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးရန်နှင့် လိုအပ်သောကိစ္စများလိုက်ပါဆောင်ရွက်လျှောက်ထားပေးရန် မိမိတို့ကတိပြုထားသည့်အတိုင်း လူကိုယ်တိုင်လိုက်ပါ လက်မှတ်ရေးထိုးဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေက မလွှဲမရှောင်သာဘဲ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဝင်း** **ဦးသန်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၁၈၅)**
**အမှတ်(၇၉)၊၁၀၁လမ်း၊ကန်တော်ကလေး၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၃၅၇၄၉၊ ၀၉-၇၆၄၀၃၅၇၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၁၀၂)၊ ၇၃×၇၄ လမ်းကြား၊ သာယာဝတီ×ပျူစောထီးလမ်းကြားရှိ ဦးမာတူးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမာတူး ၈/ရနခ(နိုင်)၀၁၃၇၆၀မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**







## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝန်းသိုမြို့နယ်၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ကြိမ်ချောင်းကျေးရွာနေ မောင်မင်းမင်းထိုက်၏ဖခင် ဦးထွန်းရ ၅/ဝသန(နိုင်)၀၃၀၉၀၂နှင့် ဦးကျော်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းရ(ခ)ဦးကျော်လင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရဲနိုင်ဦး ၈/တတက(နိုင်)၁၈၆၆၅၇၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မကြည်ကြည်ဝေ ၈/မဘန(နိုင်)၁၀၃၀၀၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၃၈၀၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၃၀၃၆၉ DAYANG 125 ယာဉ်လက်ဝယ်ရှိသူ ဦးကြာထွေး ၈/မလန(နိုင်)၀၇၁၃၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**




## အများသိစေရန်ကြော်ငြာခြင်း

ရေးမြို့၊ အောင်သုခရပ်ကွက်၊ ရေးမြို့မအုပ်စု၊ အကွက်အမှတ်/အမည် (၃-က/အောင်သုခရပ်)၊ ဦးပိုင်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၁၉)၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၇ဧကရှိ မြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က)စာရင်းအရ မြို့မြေဖြစ်ပြီး ၁၉၇၀-၁၉၇၁ခုနှစ်တွင် မြို့အိမ်ရာမြေကွက်များ ပြန်လည်နေရာချထားစဉ်က မော်လမြိုင်ခရိုင်ဝန်၏ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ပြုသည့် လက်မှတ်ကို ဦးဘကျွယ် ပါ(၃)ဦး အမည်ဖြင့် ရရှိထားပြီးအဆင့်ဆင့်ပိုင်ဆိုင်ခဲ့ကာ ဒေါ်ချောတီနှင့် ဒေါ်အေးမူတို့နှစ်ဦးမှ မြေငှားဂရန် လျှောက်ထားရာတွင် ဦးဘကျွယ် ပါ(၃)ဦး အမည်ဖြင့် ရရှိထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ပြုလက်မှတ်မှာ ပျောက်ဆုံးနေ၍ တင်ပြနိုင်မှုမရှိသဖြင့် ဒေါ်ချောတီနှင့် ဒေါ်အေးမူတို့နှစ်ဦးအမည်ဖြင့် မြေငှားဂရန်ပထမအကြိမ် ထုတ်ပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန် လျှောက်ထားခြင်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/1477 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အသိပေးကြော်ငြာခြင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၁၊ မြေကွက်အမှတ် ၁၄၀၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ပွဲစားလမ်း၊ ကြည့်မြင်တိုင်မြို့နယ် (ဒေါ်မြတင်) ၉/မရတ(နိုင်)၀၅၉၇၅၆ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြတင်(မိခင်)နှင့် (ဖခင်)ဦးကိုကိုတို့ ကွယ်လွန်သဖြင့် ဒေါ်ရီရီမြင့် ၉/ပမန(နိုင်)၀၈၃၈၅၅၊ ဒေါ်အေးအေးမြင့် ၉/စကတ(နိုင်)၀၃၉၅၉၉၊ ဒေါ်ကြည်ကြည်ဆွေ ၉/မရတ(နိုင်)၀၅၉၇၈၁၊ ဦးသန်းဌေးကို ၉/မရတ(နိုင်)၀၅၉၇၅၇၊ ဦးဇေယ်ကို ၁၂/လမတ(နိုင်)၀၀၇၁၃၃၊ ဦးကြီးကို(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်တင်တင်ညို ၁၂/ရကန(နိုင်)၀၅၀၂၁၀ တို့မှ သား/သမီးချွေးမများတော်စပ်ကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် ၄၄၆၃/၈-၈-၁၆ နှစ်(၆၀) မြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ဒေါ်ရီရီမြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်ဆွေ၊ ဦးသန်းဌေးကိုတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၄/၂၅-၅-၂၀၁၅ ရသူ ဦးဇေယ်ကိုနှင့် ဒေါ်တင်တင်ညိုတို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိသဖြင့် ၂၄-၁၁-၉၀ ရက်တွင် အမှုတွဲအမှတ် ကမ-၁၀၂/၈၉ အရ ထုတ်ပေးခဲ့သော ဂရန်မူရင်းစာအုပ်အား မြို့မြေစာရင်းတွင် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ (ယခင်)ဆင်ခြေရာကျေးရွာ၊ သဘော်ကျွန်းကွင်းအမှတ်(၄၄၇/ဘီ)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ (၂၇ ဒသမ ၂၉ ဧက)နှင့် (၁၆/၁)ဧရိယာ ၂ ဒသမ ၅၉ ဧကတို့သည် ကွယ်လွန်သူ(ဦးသိန်းမောင်-ဒေါ်တင်)တို့ ကျန်ရစ်ခဲ့သော ဓနိခြံမြေဖြစ်ပြီး အဆိုပါအမွေဆိုင်ဓနိခြံမြေအား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးအရင်းများဖြစ်ကြသော ဦးတင်ရှိန် ၁၂/သဃက(နိုင်)၀၄၅၉၀၈၊ ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ ဘုရားဝန်ထမ်းလိုင်း၊ လိုင်း(၁) အခန်း(၁)နေသူနှင့် ဒေါ်မြမြစိန် ၇/ပမန(နိုင်)၁၀၇၄၂၃ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၈)နေသူတို့ နှစ်ဦးသာ အမွေဆက်ခံပိုင်ခွင့်ရှိသော အမွေဆိုင်ဓနိခြံမြေများဖြစ်ပါသည်။

သို့ပါ၍ အဆိုပါဓနိခြံမြေအား အမွေဆက်ခံခွင့်ရှိသူတစ်ဦးဖြစ်သော သမီးအရင်းဖြစ်သူ ဒေါ်မြမြစိန်နှင့် ဦးတင်ရှိန်၊ ဒေါ်မြမြစိန်တို့၏သား/သမီး(၇)ဦးတို့မှ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်းတို့ကို မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**သမီးအရင်းဖြစ်သူ ဒေါ်မြမြစိန်**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးငြိမ်းချမ်းထွေး(အထက်တန်းရှေ့နေ)** | **ဦးသန်းညွန့်အောင်(အထက်တန်းရှေ့နေ)** |
| **LL.B(၂၉၃၃၉)** | **LL.B(၄၇၂၆၁)** |

**တိုက် ၂၁၊ အခန်း(A-4)၊မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**


C B BANK
“ နှစ်သစ်ကူးဆုတောင်း ”
CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်
ကြိုးစားဆောင်ရွက်ပေးလျက်ရှိသောဘဏ်ဝန်ထမ်းများအားလည်းကောင်း၊
အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိသောအစုရှယ်ယာရှင်များအားလည်းကောင်း
မြန်မာ့နှစ်သစ်ကူး အခါသမယတွင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်
ပြည့်စုံပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည် . . .
CB Bank မိသားစု

# နှစ်သစ်မင်္ဂလာဆုတောင်း

မြန်မာသက္ကရာဇ် ၁၃၇၉-ခုနှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယတွင်

မြန်မာပြည်သူ ပြည်သားအပေါင်း

စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး

နိုင်ငံတော်မှ ဖော်ဆောင်လျက်ရှိသော

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်၍

ပြည်သူပြည်သားများအားလုံး လိုအင်ဆန္ဒများ

ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

KBZ BANK

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့

ကမ္ဘောဇဘဏ်လီမိတက်


လူကြီးမင်း
CELL PHONE VILLA
နှစ်သစ်ကူးဆုတောင်းလွှာ
အတာသင်္ကြန်နှစ်ကူးမှာ ကျန်းမာပျော်ရွှင် စိတ်ကြည်လင်၍
ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
လူကြီးမင်းစီးပွားရေးလုပ်ငန်းစု မှ ဆုမွန်ကောင်း တောင်းအပ်ပါသည်...


Mr. FONE
Telecom Centre
နှစ်သစ်ဆုတောင်း
တန်ခူးလနှစ်သစ် အခါသမယတွင် ကျန်းမာသုခ ပြည့်စုံကြ၍
စီးပွား လာဘ်လာဘများ တိုးတက်ပါစေကြောင်း Mr.Fone မိသားစုမှ
ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ် .....

SKY NET

ပြည်သူ့အတွက် SKYNET ၏နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

မြန်မာ့ရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယဉ်ကျေးမှုအစဉ်အလာနှင့် အညီ စည်ကား သိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြပြီး မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ခရစ်နှစ် ၂၀၁၇ခုနှစ် ဧပြီ ၁၇ ရက်) တွင်ကျရောက်သော ကျက်သရေမင်္ဂလာအပေါင်း ခညောင်းဝေဆာ၊ ကောင်းခြင်းဖြာသည့် မြန်မာနှစ်ဆန်း အခါသမယတွင် ပြည်သူ့အတွက် SKYNET ၏ ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများ

" ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာပြည့်ဝ
လိုတိုင်းရသား၊ အများအကျိုး
သယ်ပိုးရွက်ထမ်း၊ မေတ္တာစွမ်းဖြင့်
ငြိမ်းချမ်းအေးမြ၊ သာယာကြပါစေကြောင်း"

SKYNET မိသားစုက လေးစားရိုသေစွာ ဆုမွန်တောင်းအပ်ပါသည်။

SKYNET မိသားစု



# ကိုင်ရိုအပ်ချုပ်ဆိုင်မှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ESTD-1949

၁၃၇၉ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မိတ်ဆွေတို့၏ လုပ်ငန်းများ တိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှလုံးကျန်းမာချမ်းသာပါစေကြောင်း ကိုင်ရိုအပ်ချုပ်ဆိုင် မိသားစုမှ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိတ်ဆွေများအတွက် ကိုင်ရိုအပ်ချုပ်ဆိုင် ဆိုင်ခွဲ(၃)ကို မန္တလေးတိုင်းဒေသကြီး၊ အမှတ် (အေ - ၈၊ အေ - ၉)၊ ၂၆ လမ်း၊ ၆၄ × ၆၅ကြား၊ အောင်မြေသာစံမြို့နယ်တွင် ဖွင့်လှစ်ထားပါသည်။ ကိုင်ရိုအပ်ချုပ်ဆိုင်သည် နှစ်သစ်တွင် မိတ်ဟောင်း၊ မိတ်သစ်များအတွက် ဝတ်စားဆင်ယင်မှုကို အကောင်းဆုံးအရည်အသွေး၊ အကောင်းဆုံး ဝန်ဆောင်မှုများ၊ အသက်သာဆုံးဈေးနှုန်းဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနများ၏ ယူနီဖောင်းများ၊ ကုမ္ပဏီ၊ လုပ်ငန်းဌာနများနှင့် ဟိုတယ်ယူနီဖောင်းများ၊ တိုက်ပုံမျိုးစုံ၊ ရှပ်အင်္ကျီ၊ ဆာဖာရီ၊ ဘောင်းဘီ၊ စကပ်၊ အနောက်တိုင်းဝတ်စုံများကိုလည်း လူကြီးမင်းများ၏ ဆန္ဒနှင့်ကိုက်ညီစွာ ဆောင်ရွက်ပေးသွားပါမည်။

ယခုတဖန်အများပြည်သူများ အချိန်မကုန်စေရန်၊ သွားရေးလာရေး၊ အခက်အခဲရှိသော ရုံးဝန်ထမ်းများအတွက် **Cairo Logo** အမှတ်တံဆိပ်ဖြင့် Order မှာလျှင် ချုပ်လုပ်ပေးသော လက်ရာဖြင့် ဗမာကော်လံအဖြူနှင့် ဒီဇိုင်းဆန်းသစ်သော အရပ်ဝတ်ချည်သားများကိုပါ မိမိတို့ ကိုင်ရိုအပ်ချုပ်ဆိုင်များ တည်ရှိရာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးများရှိ အပ်ချုပ်ဆိုင်များတွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသွားမည်ကို မြန်မာ့နှစ်သစ်ကူးအမှီ သတင်းကောင်းပါးအပ်ပါသည်။

## ကိုင်ရိုအပ်ချုပ်ဆိုင် (၁) ရန်ကုန်

- အမှတ် ၁၉၀၊ ၃၇လမ်း၊ (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၉၁၅၇၈၊ ၃၇၂၇၄၃၊ ၃၈၅၁၃၆၊ ၀၉ ၅၁၇၆၅၈၅၊ ၀၉ ၅၁၉၂၅၂၈၊ ၀၉ ၅၀၀၇၈၇၄
Home Ph : ၀၁ - ၃၇၂၉၉၆

## ကိုင်ရိုအပ်ချုပ်ဆိုင် (၂) နေပြည်တော်

- အမှတ်(န/၅၄၊ ၅၅၊ ၅၆)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၄၁၄၁၄၆၊ ၄၁၄၇၅၇၊ ၄၃၂၄၅၁

## ကိုင်ရိုအပ်ချုပ်ဆိုင် (၃)မန္တလေး

- အမှတ် (အေ - ၈၊ အေ - ၉)၊ ၂၆ လမ်း၊ ၆၄ × ၆၅ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း၀၂ ၆၁၀၂၇၊ ၀၂ ၆၁၀၇၂



ချစ်ခင်လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး

နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊

ဘေးဘယာ ဝေးကွာကြပါစေ၊ လိုရာဆန္ဒအားလုံးပြည့်ဝကြပါစေ၊

ပျော်ရွှင်သော နေ့ရက်များဖြစ်ကြပါစေကြောင်း

"မြန်မာနှစ်သစ်...ဆုမွန်ကောင်း" တောင်းအပ်ပါသည်။

HIGH TECH
CONCRETE CO., LTD.

Certificate TH 11/5684




ရွှေဩဇာ

Spirulina Bio Fertilizer

JUNE Spirulina Products

မင်္ဂလာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးပွားပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

JUNE Group of Companies

www.junespirulina.com

➤Ygn: + 95 9 730 12000, 730 13000, 730 14000 ➤ Mdy: + 95 2 24490, 39985, 39725, 36122



MIC

Myanmar Imperial College

နှစ်သစ်မင်္ဂလာဆုတောင်း

မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်သစ်အခါသမယ မှစ၍ မြန်မာနိုင်ငံသူနိုင်ငံသား အပေါင်းတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ရည်ရွယ်မျှော်လင့်သမျှကို အောင်မြင်ပိုင်ဆိုင်နိုင်ပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာရေးဖြင့်တစ်ဖက်တစ်လမ်းမှ ပါဝင်ရွက်ဆောင်နိုင်ပြီး အရှေ့တောင်အာရှတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ပါစေကြောင်း Myanmar Imperial College မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

HND — Business, Advertising & Branding, Hospitality & Tourism

BA — Business & Management, Marketing Management, Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

MBA — Master of Business Administration

DBA — Doctor of Business Administration

working in partnership with

University of Northampton

Pearson

09 732 10001 / 09 4211 00222 အမှတ် (၁) ဈေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



# မြန်မာသက္ကရာဇ် ၁၃၇၉ ခု - နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်လွှာ

မြန်မာနှစ်သစ်အခါသမယတွင် TOP CHOICE ဗလာစာအုပ်ကို ဝယ်ယူအားပေးကြသည့် ဖြန့်ချိသူ၊ ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား ကျောင်းသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ဝယ်ယူလှူဒါန်းကြသူများ စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံပြီး အစဉ်အမြဲရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။



ညီညာလှပ၍ အမြင်ဆန်းသစ်ခြင်း၊ အနားများတွင် ကြောင်းရိုးခေါက်မှုမရှိခြင်း၊
ကလေးသူငယ်များ၏ မျက်လုံးထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေခြင်း
အားသာချက်များနှင့်ပြည့်စုံသော . . .

TOP CHOICE

Writing Future

ထောင့်ဖိုက်ဗလာစာအုပ်များ

Kit Kit Exercise Book — ကိုကျောင်းသား ဗလာစာအုပ် — Grade — Nay Oo Print House

အရောင်း ◆ အမှတ် ၁၇၂၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၈ ၅၃၂၊ ၃၇၆ ၉၀၃

ရုံးခန်း+ ဖြန့်ချိရေး ◆ အမှတ် ၂၈/ဗီ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၄၈ ၆၈၉၊ ၅၄၉ ၈၅၉၊ ၅၅၆ ၀၆၉

စက်ရုံ ◆ အမှတ် ၉၉၊ ဗန်းမော်အတွင်းဝန်လမ်း၊ အရှေ့ဒဂုံ စက်မှုဇုန်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၈၅ ၂၁၃၊ ၂၅၈၅ ၂၁၄




## ရွှေတိဂုံစေတီတော် ၁၃၇၉ ခုနှစ် နှစ်သစ်မင်္ဂလာအခမ်းအနား ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲအခမ်းအနားနှင့် (၂၉)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကျင်းပမည်

ရွှေတိဂုံစေတီတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မင်္ဂလာအခမ်းအနား၊ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲနှင့် (၂၉)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားများကို (၁၃၇၉ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်) ၁၇-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက်ပိုင်းမှစတင်၍ ကျင်းပမည်ဖြစ်ပါသည်။

ယင်းနေ့ နံနက် ၀၅း၀၀နာရီတွင် ရင်ပြင်တော်တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း၊ နံနက် ၀၅း၃၀နာရီတွင် ရောင်တော်ဖွင့်အသင်းတန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၀၆း၁၅ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နဝင်္ဂသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာကြားခြင်း၊ ရေစက်သွန်းချအမျှဝေခြင်း၊ နံနက် ၀၇း၀၀နာရီတွင် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်း ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲ အခမ်းအနားကို ကျင်းပခြင်း၊ နံနက် ၀၈း၀၀နာရီတွင် (၂၉)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၇၉ ခုနှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ အသက် (၇၀) ကျော် ဘိုး (၅၇) ဦးနှင့် ဘွား (၁၂၅) ဦး၊ စုစုပေါင်းဘိုးဘွား (၁၈၂)ဦးအား ပြုစုစောင့်ရှောက်ထားပါသည်။

**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**

ဖုန်း – ၅၄၃၇၉၆, ၅၄၃၇၉၇, ၅၄၆၁၇၆ (လိုင်းခွဲ) ၄၀၇၊ ၄၀၈ (၂၁) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

## အများသိစေရန်ကြေညာခြင်း

၂၃-၇-၂၀၁၆ရက်တွင် မောင်အေးမင်းဇော် ၉/ခမစ(နိုင်) ၀၄၀၀၃၆နှင့် မခင်သန္တာထွန်း ၉/စကတ(နိုင်)၀၅၈၇၁၀ တို့သည်ကျွန်ုပ်၏ရှေ့၌ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်လက်ထပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ညွှန့် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၉၁၉၇)**
**မြို့မရပ်၊ စဉ့်ကိုင်မြို့၊ ဖုန်း-၀၉-၂၀၁၉၄၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5A/5971 Mitsubishi Fuso Truck ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်အောင် ၇/ပမန(နိုင်) ၁၃၁၁၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်(၃)လမ်းနေ ဦးကျော်သိန်း-ဒေါ်ခင်စန်းတို့ သမီး မကြည်ကြည်ဝင်း ၉/ပဘန(နိုင်)၀၀၅၅၄၄သည် မိဘနှင့်ညီအစ်ကိုမောင်နှမများ သဘောမတူသည့်ကိစ္စရပ်အား ပြုလုပ်သွားပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စရပ်များအား မိဘအနေဖြင့် ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဒေါ်ခင်စန်း ၉/ပဘန(နိုင်)၀၀၅၅၄၇**

## အမည်မှန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခဝဲခြံ မျက်မမြင်ကျောင်းပဋ္ဌမတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအေးလွင်၏သား မောင်ကျော်အောင်အား မောင်အောင်သီဟဦးဟု ပြောင်းလဲခေါ်ပါရန်။



၁၃၇၉–ခုနှစ်ကို တွေ့ဆုံဖြတ်သန်းကြမည့် မိဘပြည်သူအပေါင်း၊
ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရုပ်မျက်မှန်



ဓိဓိ ...
မျက်မှန်၏လိုအပ်ချက်များကို မည်သည့်ဆိုင်ခွဲတွင်မဆို ဝင်ရောက်ပြုပြင်နိုင်ပါသည်။
အဝိုပစ္စည်းအပြည့်အစုံထားရှိပေးထားပါသည်။

| ရွှေဘုံသာလမ်း၊ အထက်၊ | ၈-မိုင်လမ်းဆုံ | မြောက်ဥက္ကလာပ | မန္တလေးမြို့တော် Coming Soon | ဆေးခန်း၊ ဆရာဝန်၊ Bokking |
| --- | --- | --- | --- | --- |
| 01-248248, 01-383525 | 01-652802, 09 962041189 | 09 965141189, 09 962042289 | 02-68268, 09 765141189 | 01-389411, 01-384229 |


# နှစ်သစ်မင်္ဂလာကျေးဇူးတင်ဆုမွန်တောင်းလွှာ

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ၁၃၇၉ ခုနှစ် နှစ်သစ်မင်္ဂလာအခါတွင် ဦးသိန်းမောင် (တြိရတန) အလှကုန်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော ဆေးစွမ်းကောင်းများနှင့် အလှကုန်များကို အားပေးသုံးစွဲကြပါသော ရဟန်းရှင်၊ လူ မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော မိတ်ဟောင်း မိတ်သစ်အပေါင်းတို့အား ဘေးရန်ကင်း၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာမွန် ပို့သအပ်ပါသည်။

**ဦးသိန်းမောင် (တြိရတန)**
**အလှကုန်နှင့်တိုင်းရင်းဆေး ထုတ်လုပ်ရေးလုပ်ငန်း**




နှစ်သစ်ကူး နှစ်ဦးမှာ မင်္ဂလာ အပေါင်း နှင့်ပြည့်စုံ ကြပါစေ

ပြည်သူ ပြည်သားကမ္ဘာသူ ကမ္ဘာသား များ
● အေးငြိမ်းသာယာ ရွှင်လန်းချမ်းမြေ့ကြပါစေ

မိုက်ခွဲဖို့အရေး ကာကွယ်ပေး နေတဲ့
ဇော်ပျံ
အာထားဒိမ်ဆေး
မိသားစု ဆုမွန် ရတနာ



THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 265000-Ks
(Copper Pipe-10', Drain Pipe, Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ် ဓ-၂၃၄၁၊ မြေဧရိယာ ၀ ဒသမ ၅၆၄ ဧကရှိ ဒေါ်ခင်စောမူ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်ခင်စောမူ(ဘ) ဦးချစ် ၁၄/ပသန(နိုင်)၁၄၈၈၀၆ မှ မြေငှားစာချုပ်မူရင်းတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ မြေတိုင်းရပ်ကွက်(၃၂/ပေါင်းလောင်း-၂)၊ ချယ်ရီလမ်း၊ ဦးပိုင်မြေကွက်အမှတ် ၁၁၅၇၊ ၁၁၅၈၊ ပေ(၈၀×၆၀) ကျယ်ဝန်းသော မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အိမ်အမှတ် ၁၂၂/ခ နေ ဒေါ်ခင်မျိုးသန့် (ဘ)ဦးသန်းဝေ ၉/မရတ(နိုင်)၀၁၂၇၁၉ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်လျက်ရှိပါသည်။

အဆိုပါမြေကွက်အမှတ် ၁၁၅၇/၁၁၅၈နေအိမ်နှင့် ဝိုင်းခြံမြေအား ကျွန်မဒေါ်ခင်မျိုးသန့်မှလွဲ၍ တခြားမည်သူမျှရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ဂရန်အမည်ပြောင်းလဲသတ်မှတ်ခြင်းမပြုလုပ်ရန် ကန့်ကွက်လိုက်ပါသည်။ အထက်ပါအကြောင်းကိစ္စရပ်များကို ကျွန်မဒေါ်ခင်မျိုးသန့်မသိဘဲ တစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ခင်မျိုးသန့် (ဘ) ဦးသန်းဝေ၊ ၉/မရတ(နိုင်)၀၁၂၇၁၉၊ ဖုန်း-၀၉-၂၀၂၂၆၀၈**


Since 1986 KMD Institute
UNIVERSITY of GREENWICH SQA ISO JAS-ANZ ISO 9001:2008 Cert. No. 683180



မြန်မာပြည်တွင် Higher National Diploma (SQA/UK) သင်တန်းကို ပထမဦးဆုံး ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ထူးချွန်ကျောင်းသား/သူများစွာ မွေးထုတ်ပေးနေသော KMD တွင် နိုင်ငံတကာအသိအမှတ်ပြု IT Degree များကို ရယူကြပါစို့....

Higher National Diploma (SQA/UK)

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ International School မှကျောင်းသား/သူများ၊ GCSE အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
- HND ရရှိပြီးပါက ပြည်တွင်းရှိ KMD Institute တွင်ဖြစ်စေ၊ USA, UK အစရှိသော နိုင်ငံများရှိ တက္ကသိုလ်ကြီးများတွင်ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ်တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။
- KMD ၏ Scholarship အစီအစဉ်အားရယူပြီး ကျယ်ဝန်းသော Campus တွင် လွတ်လပ်ပျော်ရွှင်စွာဖြင့် IT ပညာရပ်များကို လေ့လာသင်ယူနိုင်ပါသည်။

CB BANK ၏ (IPP) စနစ်ဖြင့် သင်တန်းကြေးအရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။

Route to International Degree
UNIVERSITY of GREENWICH
B.Sc(Hons)BIT (Final Year)
7 Modules / Duration: 12 months
SQA
HND Diploma (Software Development) (Second Year)
9 Modules / Duration: 12 months
SQA
HND Diploma (Software Development) (First Year)
12 Modules / Duration: 12 months

Opening Date
Higher National Diploma
23 Apr 2017 (Sat-Sun)
8:00 AM - 11:00 AM
27 Apr 2017 (Tue-Fri)
7:00 AM - 10:00 AM



Hotline 09770867903

KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895 f www.facebook.com/KMDNCC

နယ်မှလာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

# ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှိုးဆော်ထား

**နေပြည်တော် ဧပြီ ၁၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် မိုးကြိုကာလနှင့် မိုးတွင်းကာလများတွင်ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေး၊ ရေကြီးရေလျှံမှုများ၊ လေပြင်းတိုက်ခတ်မှုများနှင့်ပတ်သက်၍ ၂၉-၃-၂၀၁၇ နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၁/၂၀၁၇)ကို ကျင်းပကာ ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များသို့ လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် မိမိတို့ဒေသအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် လိုအပ်သည့်လုပ်ငန်းများ၊ ပြည်သူလူထုကိုယ်တိုင်လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သောတိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ အကြံပြုပေးပို့ထားရှိပြီး ပြည်သူနှင့်အတူပူးပေါင်းဆောင်ရွက်နိုင်ရန်လည်း ကြိုတင်လမ်းညွှန်ထားရှိပြီး ဖြစ်ပါသည်။

ယခုလက်ရှိ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ဆိုင်ကလုန်းမုန်တိုင်း မာရသာ (Maarutha)နှင့် ပတ်သက်၍လည်း အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ဒေသအလိုက်လိုအပ်သော ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန်နှင့် အောက်ခြေပြည်သူလူထုအထိ ကြိုတင်သတိပေးချက်များရောက်ရှိအောင် ဆောင်ရွက်ထားရှိရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ထပ်မံ၍လည်း နှိုးဆော်ထားပါသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့်လည်း စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး လုံခြုံသည့်နေရာများသို့ ကြိုတင်ရွှေ့ပြောင်း သိုလှောင်ထားရှိစေခြင်းနှင့် မုန်တိုင်းဝင်ရောက်လာပါက အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ပြည်သူမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ မုန်တိုင်းအန္တရာယ်နှင့် မုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် အခြားဘေးအန္တရာယ်များအတွက် ကြိုတင်အသင့်ဖြစ်စေရန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❄

# သင်္ကြန်အတက်နေ့ မိုးဖွဲများကြားမှ ရေကစားသူများ ပျော်ရွှင်စွာဆင်နွှဲ



**သတင်း - ဇော်ကြီး၊ ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

**ရန်ကုန် ဧပြီ ၁၆**


မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့၌ မိုးများတဖွဲဖွဲကျနေသည့်ကြားမှပင် သင်္ကြန်ရေကစားသူများ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိရာ မဏ္ဍပ်ကြီးများနှင့် အဓိကလမ်းမကြီးများပေါ်တွင် သင်္ကြန်ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။ **(ဓါတ်ပုံ)**

"မနက်ပိုင်းမှာ အနောက်ပိုင်းခရိုင်မဏ္ဍပ်နဲ့ အင်းစိန်ဈေးရှေ့က မဏ္ဍပ်ကိုသွားတယ်။ အဲဒီကနေ မြို့တော်ခန်းမမှာရှိတဲ့ ဗဟိုမဏ္ဍပ်ကိုသွားလည်တယ်။ မွန်းလွဲပိုင်းမှာ သခင်မြပန်းခြံထဲမှာခဏနားပြီး ကျန်တဲ့မဏ္ဍပ်တွေကို လျှောက်လည်ခဲ့တယ်။ မိုးရွာနေတော့ အရင်နေ့တွေလောက် လည်ရတာမကောင်းဘူး။ မိုးရွာလိုက်တော့ နည်းနည်းပိုချမ်းတာပေါ့။ တစ်နှစ်တစ်ခါလုပ်တဲ့ သင်္ကြန်ဆိုတော့ မလည်ဘဲလည်း မနေနိုင်ဘူး။ မိုးရေတွေကြားမှာပဲ မဏ္ဍပ်တွေရှိတဲ့နေရာကိုသွားလည်ခဲ့တယ်"ဟု သင်္ကြန်ရေပက်ခံထွက်သူ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်မှ မဇာဇာက ပြောသည်။

"သင်္ကြန်ရေနဲ့ မိုးရေက မတူဘူးလေ။ မိုးရွာနေပေမယ့် လည်စရာရှိတာတော့ လည်ရမှာပဲ၊ မိုးရွာနေတာတောင် မဏ္ဍပ်ကြီးတွေရှိတဲ့နေရာတိုင်းမှာ တိုးနေရသေးတယ်၊ ကျွန်တော်တို့ကတော့

*စာမျက်နှာ ၅ ကော်လံ ၁* ●

## ဆိုင်ကလုန်းမုန်တိုင်းမာရသာ သံတွဲမြို့အနီးမှဖြတ်ကျော်၊ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိမည်



**နေပြည်တော် ဧပြီ ၁၆**

ဆိုင်ကလုန်းမုန်တိုင်းအခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ည ၇နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မာရသာ" (Maarutha)သည် ရခိုင်ကမ်းရိုးတန်းဒေသ သံတွဲမြို့အနီးမှစတင် ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး **အညိုရောင်အဆင့်** ဟု သတ်မှတ်ပါသည်။

နောက် ၁၂ နာရီအတွင်း ခန့်မှန်းချက်မှာ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် သံတွဲမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီးနောက် တဖြည်းဖြည်း အားလျော့သွားကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းရပါသည်။

သတိပေးနှိုးဆော်ချက်မှာ အဆိုပါကုန်းတွင်းမုန်တိုင်းငယ် ဖြစ်ပေါ်နေစဉ် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ စစ်ကိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၉ ကော်လံ ၆* ❖